# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၃)
အမှတ် (၂၈)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ တနင်္ဂနွေနေ့။


**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**

# စာတ်အားလိုအပ်ချက်ကို အထောက်အကူပေးနိုင်မည့် ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံစီမံကိန်းများ

ရန်ကုန် အောက်တိုဘာ ၂၇

ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်မှု တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်မည်။ ပြည်တွင်းစက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများတွင် ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်မှုအရေးကြီးသည်။ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက်လည်း ဓာတ်အားက အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ တိုးပွားလာသော လူဦးရေနှင့် အိမ်ထောင်စု တစ်ခုချင်းစီအတွက်လည်း ဓာတ်အားသုံးနိုင်မှု ဖြည့်ဆည်းရေးက လည်း လိုအပ်လာသည်။ ထိုသို့ ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဓာတ်အားထုတ်လုပ်နိုင်မည့် နည်းလမ်းပေါင်းစုံမှ ကြိုးစားနေရာ ယခုအခါ ကျောက်မီးသွေးစက်ရုံများ တည်ဆောက်ကာဓာတ်အားထုတ်ယူရန် ကြိုးစားစီစဉ်နေသည်။

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းတွင် ကျောက်မီးသွေးစက်ရုံ

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တည်ဆောက်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီစဉ်လျက်ရှိသည်။ ယင်း ကျောက်မီးသွေးစက်ရုံကို

*စာမျက်နှာ ၇ ကော်လံ ၃* ❍

# အောင်မြင်မှုများရရှိရေး ဆီးဂိမ်းပွဲတော်အကြို သေနတ်ပစ်ပြိုင်ပွဲဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၂၇

ဆီးဂိမ်းပွဲတော် ကျင်းပရန် တဖြည်းဖြည်းနီးကပ်လာပြီ။ ဆီးဂိမ်းပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး အောင်မြင်မှုများရရှိရေးအတွက် ပြင်ဆင်မှု၊ လေ့ကျင့်မှု၊ အကြိုပြိုင်ပွဲများ ကျင်းပနေမှုများဖြင့် လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွရှိနေပြီဖြစ်သည်။ ထိုသို့ အကြိုပြိုင်ပွဲများ ကျင်းပနေမှုများ ပြုလုပ်နေရာ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်းတွင် အောက်တိုဘာ ၂၇ ရက် နံနက်က ဆီးဂိမ်းအကြို သေနတ်ပစ် Test Match ပြိုင်ပွဲဖွင့်ပွဲကျင်းပခဲ့သည်။

**ကြိုတင်ပြင်ဆင်**

ယခုပြိုင်ပွဲသည် မကြာမီ ကျင်းပတော့မည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် အတွေ့အကြုံကောင်းများရရှိစေရန် အားကစားသမားများအနေဖြင့် မိမိစံချိန်ကိုသိရှိကာ ကြိုတင်ပြင်ဆင်မှုနှင့်လေ့ကျင့်မှုများ ပြုလုပ်နိုင်ရန်နှင့် ဒိုင်များအနေဖြင့်လည်း ဆီးဂိမ်းတွင် မမျှော်လင့်သော အခက်အခဲများ ကြုံတွေ့ရပါက ဖြေရှင်းနိုင်ရန်တို့အတွက်လည်း ကျင်းပခြင်းဖြစ်သည်။

ယခုပြိုင်ပွဲသို့ မြန်မာ(က)အသင်း၊ မြန်မာ(ခ)အသင်းနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)အသင်းတို့မှ သေနတ်ပစ်အားကစားမောင်မယ် စုစုပေါင်း ၂၉ ဦးပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာ(က) အသင်းတွင် အမျိုးသား ခြောက်ဦး၊အမျိုးသမီး ခြောက်ဦးပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထို့အတူ မြန်မာ(ခ) အသင်းတွင်လည်း အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးခြောက်ဦးတို့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)အသင်းမှ အမျိုးသားသုံးဦးနှင့်အမျိုးသမီးနှစ်ဦးတို့ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ❒

ဆီးဂိမ်းအကြို သေနတ်ပစ် Test Match ပြိုင်ပွဲဖွင့်ပွဲနေ့တွင် သေနတ်ပစ်အားကစားမယ်များ ကြိုတင်ပြင်ဆင်မှုနှင့် လေ့ကျင့်မှုများ ပြုလုပ်နေစဉ်။

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## ထိုင်းသို့ အလုပ်သမားများ သာမန်မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် စေလွှတ်နိုင်ရေးဆွေးနွေး

စာမျက်နှာ - ၃

# ဆီးဂိမ်းအမှတ်တရလက်ဆောင်ပစ္စည်းပြပွဲ အမျိုးအစား ၁၀၀၀ ဝန်းကျင် ပြည်တွင်းလုပ်ငန်းရှင်များ ပါဝင်ပြသခဲ့

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံတွင် နှစ်ပေါင်း (၄၀)ကျော်မှ ပြန်လည်ကျင်းပရသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြည်ပအားကစားသမားများနှင့် နိုင်ငံတကာမှ လာရောက်ကြည့်ရှုအားပေးသူများ မြန်မာ့ရိုးရာနှင့် ခေတ်မီလက်ဆောင်ပစ္စည်းများကို ဆီးဂိမ်းအမှတ်တရပစ္စည်းများအဖြစ် ကမ္ဘာကို ကမ္ပည်းတင်နိုင်ရန် မြန်မာနိုင်ငံလုပ်ငန်းရှင်များ ပူးပေါင်းလုပ်ဆောင် သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားလက်ဇွေ့ရုံ၌ ကျင်းပခဲ့သည့် ဆီးဂိမ်းအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများပြပွဲသို့ လာရောက်ပြသသည့် လုပ်ငန်းရှင်များက ပြောကြားခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❖


**ယနေ့ မာတိကာ**

ဒိုက်ဦးမြို့နယ်၌ ဆင်များ ဥပဒေမဲ့သတ်ဖြတ်နေ — စာ - ၈

ရေဝတီဘဏ်အဆောက်အအုံ၌ လျှပ်စစ်မီးအပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွား — စာ - ၉

ရှန်းနေနှင့် ဟာနန်ဒက် မန်ယူကို ကယ်တင် — စာ - ၁၄


## ထစ်ချုန်းမိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဖွံ့ဖြိုးမှုနှင့် ရေမှုန်

ကျောင်းသင်ခန်းစာအဖြေမှ အလုပ်တစ်ခုတွင် ပေးရသော စာမေးပွဲနှင့် ပတ်သက်၍ ဖြစ်ပေါ်သော ...

## မြို့ကျုံးသတင်း

# ဆေးပညာဆည်းပူးနိုင်ရန် အခွင့်အလမ်းများကို အခြေအနေပေးသရွေ့ ဖန်တီးပေးမည်

နေပြည်တော် အောက်တိုဘာ ၂၇

နိုင်ငံတော်၏ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ...

(သတင်းစဉ်)

# ဈေးသာလဲရောင်းဝယ်ကြတဲ့ အင်းလျားလမ်းထိပ်က ဆိုင်တွေ

# မြို့သူမြို့သား မြင်ကွင်းမှ

မောင်ကျော်ဝင်း

# မြင်းသုံး ယာဉ်ကြောင်း ဖွင့်လှစ်ခြင်း

ဖားအံ အောက်တိုဘာ ၂၇

ခင်မောင်မြင့်

INTERNET journal
Wi-Fi ချိတ်ဆက်မှုစနစ်ပါဝင်သည့် LED မီးလုံးကို တရုတ်သိပ္ပံပညာရှင်များ စမ်းသပ်

UMTA
မြန်မာ့ယာဉ်ကြောင်း
ရန်ကုန်-ကလေး-ရန်ကုန်
Golden
2013 Nov 03,10,17,24 Dec 01,08,15,22,29
2014 Jan 05,12,19,26 Feb 02,09,16,23 Mar 02,09,16,23,30 Apr 06,13,20,27
Nice Fare Travel Co., Ltd.
Htoo Travels Co., Ltd
AYARWADDY LEGEND
HA Ticketing & Tours

▲ ကျောက်မှ

"အရှင်ထွန်းလာတော့ မိဂ္ဂီလာ အနောက်ဘက် မိဂ္ဂီလာ-ကျောက်ပန်း တောင်းလမ်းဘေးမှာ တစ်ထောင်ကျော်ကြာ သစ်ပင်တွေနဲ့ စိမ်းလန်းစိုပြေနေတာ၊ နောက်တော့ ကျေးရွာတွေမှာ လူဦးရေတိုးပွားလာပြီး လောင်စာ အတွက်ရော၊ လုပ်ကိုင်စားသောက်ဖို့ ဆောက်လုပ်ရေး၊ လယ်ယာ ကွင်း ချဲ့တွေကြောင့် ပျက်စီးလာခဲ့တာပေါ့။ အခုတော့ အဲဒီနေရာတွေကို ပြန်လည် စိမ်းလန်းလာအောင် ပြင်ဆင်ပြီး ဖြစ်သွားတာ၊ မိုးရေချိန်လည်း နှစ်စဉ် ၂၀ လက်မကျော်ရှိလာတယ်။ အဓိကကတော့ ဒီရွာက သစ်ပင်တွေကို စိုက်ပျိုးထိန်းသိမ်းခဲ့ကြလို့ ဖြစ်ပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ကျေးရွာသားတွေ ပူးပေါင်းပြီး စိမ်းလန်းစိုပြေရေး အတွက် ကြိုးစားခဲ့ကြတယ်။ မိုးရေမှီရာ စိုက်ပျိုးနိုင်ခဲ့ကြပြီး ရာသီဥတု အနည်းငယ် ပြောင်းလဲလာတယ်။ မိုးရေရရှိမှုလည်း ၃၀ လက်မကျော်ရှိလာပြီး အပင်အကြီးအကျယ် ပေါက်ရောက်လာပါပြီ။ အဲဒီအတွက် အမြဲတမ်း စိမ်းလန်းနေအောင် ထိန်းသိမ်းသွားဖို့ ကျွန်တော်တို့ရွာမှာ ဆုံးဖြတ်ထားပါတယ်" ဟု မိဂ္ဂီလာ ကျေးရွာ စိမ်းလန်းစိုပြေရေးဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦး(၀)က ပြောသည်။

ပညာပေးသင်္ကေတ

အပင်စုပေါင်း ကျေးရွာသူ ရွာသားများ စိုက်ပျိုးထားသည့် သစ်ပင်များ စိမ်းလန်းစိုပြေရေး ဦးစီးအဖွဲ့ ထိန်းသိမ်းမှုကြောင့် ပျက်စီးမှုမရှိဘဲ ဆက်လက်ရှင်သန်လျက်ရှိကြောင်း သိရသည်။ ကျေးရွာမှ မိုးရေမှီ စိုက်ပျိုးနိုင်ပြီး တစ်ပိုင်တစ်နိုင် ပညာပေးရေးဆောင်ရွက်လျက်ရှိသည်။

အကျိုးကြီး

အပင်စုပေါင်း ကျေးရွာဆိုင်ရာ စိုက်ခင်းနှင့် စိုက်ပျိုးထားသည့် သစ်ပင်များနှင့် သဘာဝပေါက်ပင်များသည် ရာသီဥတုကို ထိန်းညှိပေးပြီး မိုးရေချိန်ကောင်းမွန်လာစေရန် အထောက်အကူပြုလျက်ရှိသည်။ စိမ်းလန်းစိုပြေရေးအတွက် မှတ်စွာ ကြိုးပမ်းဆောင်ရွက်ကြသည်ဖြစ်၍ အကျိုးရှိစွာ စိုက်ခင်းထိန်း ဖြစ်စေသည်။

(ငွေနှ)

မိဂ္ဂီလာ ဖယ်ကျောင်းတိုက်ရိုးအတွင်း ဆောင်ရွက်ခြင်းဖြင့် ရှင်သန်ပြီ သစ်ပင်တောခြင်းများကို တွေ့ရစဉ်

## ပြည်တွင်းသတင်း

## ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး
## တရားသူကြီးချုပ်များညီလာခံသို့တက်ရောက်ရန် စင်ကာပူနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၂၇

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး သည် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၁၅)ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များ ညီလာခံသို့ တက်ရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ နေပြည်တော်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ထက်ထက်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

## ထိုင်းနိုင်ငံသို့ အလုပ်သမားများစေလွှတ်ရာတွင်
## သက်ဆိုင်ရာနိုင်ငံများလက်မှတ်ထိုး၍ စေလွှတ်ရန်ထိုင်းနိုင်ငံဆွေးနွေး

ဖြူးကုန်း အောက်တိုဘာ ၂၇

ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ အလုပ်ရှေ့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးထိန်အောင်သည် ယနေ့နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း ဒေသကြီး ဖလုံမြို့နယ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၃၃) ရပ်ကွက်ရှိ အလုပ်အကိုင်ရှာဖွေရေးဌာနနှင့် ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်း ကျောင်း ပိတ်ပွဲ၌ ပြည်ပ အလုပ်အကိုင်အကျိုးဆောင်လုပ်ငန်း အော့ပရိတ်များနှင့် တွေ့ဆုံ၍ ပြည်ပသို့ မြန်မာအလုပ်သမားများ စေလွှတ် သည့် လုပ်ငန်းစဉ်များ ဆွေးနွေး မြန်မာနိုင်ငံ လုပ်ကိုင်နေသော ထိုင်းနိုင်ငံ ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးခဲ့သည်၊ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ် သမားများကို အလေအလွင့်မရှိ ဆောင်ရွက်ပေးနိုင်ရေး ဆိုင်ရာ ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲတွင် ဒုတိယ ဝန်ကြီးဦးထိန်အောင်နှင့်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးမျိုးအောင်ထိုက တင်ပြ ခဲ့ပြီးသောအခါ မြန်မာပြည်ပအလုပ် အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များ အသင်းချုပ်တွင် ခေါင်းဆောင်များအပါအဝင် အဖွဲ့ဝင်များ၊ အသင်း ချုပ်၏ လုပ် ငန်းများ ဝိုင်းဝန်းဆောင်ရွက်နိုင် ရေး ပြည်ပသို့ မြန်မာအလုပ်သမား များစေလွှတ်သည့် လုပ်ငန်းစဉ်များတွင် တည်ဆဲဥပဒေ၊ ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာ့အခြေအနေများမှ ဆောင်ရွက်ရမည့် ကြေးငွေအခကြေးငွေများ အလုပ်လုပ်ကိုင်ရ သည့် ကြေးငွေအခကြေးငွေ ထိုင်းနိုင်ငံသို့ အလုပ်သမားများ စေလွှတ်ရာတွင် ယခင်က ယခုမြန်မာနိုင်ငံ၌ လာ ပို့ရောက်ရှိပြီး ဆောင်ရွက်ပေးခဲ့ရာမှ ယခုအခါ ထိုင်းမြန်မာနိုင်ငံကြား လက်မှတ်ရေးထိုး၍ စေလွှတ်လုပ်ကိုင် နိုင်ရေးနှင့် ရွှေ့ပြောင်းလုပ်သားများ အား ထိုင်းဝင်ရောက်ရေး ခရီးသွား လက်မှတ်ရရှိရေးအတွက် မွေးစားထုတ်ပေးနိုင်ရေး မေးမြန်း ပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်း ရှင်များ၏ ကြေးငွေကောက်ခံမှု ဦးဆောင်အခွင့်အရေး ပုံစံ ဖန်တီးမှုများနှင့် လိုအပ် သော တုံ့ပြန်ချက်များ ပေးကြသည်။ (သတင်းစဉ်)

## အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

နေပြည်တော် အောက်တိုဘာ ၂၇

အောက်တိုဘာ ၂၇ ရက် မြန်မာစံတော်ချိန် ၇ နာရီ ၃၆ မိနစ် ၅၆ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စောင့်ကြည့်ရေး စခန်းမှ အရှေ့မြောက်ဘက် မိုင် ၂၆၀ ခန့်အကွာ၊ မြန်မာနိုင်ငံနယ်စပ်ပြင်ပ (တရုတ်နိုင်ငံ) အရှေ့မြောက်ဘက် ၄၂ မိုင်ခန့် အကွာတွင် ပြင်းအား ရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း ထိုင်းလွှာမှ ရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်း ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## သတိပြုဆော်ဆော်သတင်းတိုက်များ

## ယနေ့မိုးလေဝသအခြေအနေ

နေပြည်တော်နှင့်အနီးတဝိုက်တွင် ယနေ့ မိုးအနည်းငယ် ရွာမည်၊ ရန်ကုန်မြို့နှင့်အနီးတဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်၊ မန္တလေးမြို့နှင့်အနီးတဝိုက်တွင် ယနေ့ မိုးထစ်ချုန်း၍ မိုးကြိုးပစ် တစ်ချို့ရွာမည်။

ဆောက်ရှုမ်းသည် ပြည်နယ်အချို့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ များတွင် မိုးဆက်လက်ရွာနေမည်။

## ဆီးဂိမ်းအကြိုပြိုင်ပွဲ ရေကူးပြိုင်ပွဲ နောက်ဆုံးနေ့ မြန်မာပြည်စံချိန်သစ် နှစ်ခုတင်နိုင်




နေပြည်တော် အောက်တိုဘာ ၂၇

ဆီးဂိမ်းအကြို ရေကူးပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် ဆက်လက် ကျင်းပရာ မြန်မာပြည်စံချိန်သစ် နှစ်ခု တင်နိုင်ခဲ့သည်။

စံချိန်သစ်

အမျိုးသားမီတာ ၂၀၀ လင်းပြေ ကူးပြိုင်ပွဲတွင် ပိုက်ကွမ်းခံ ထော်ပ အောင်မှာ ရွှေဒင် နှဒွိကား မော်ဒမ်ဂေါ် ဝင် ကတ်ထားသော ၂ မိနစ် ၁၇ ဒသမ ၈၀ စက္ကန့်ကို ၂ မိနစ် ၁၆ ဒသမ ၇၉ စက္ကန့်ဖြင့် စံချိန်ချိုးခဲ့ပြီး ဖြစ်သည်။ အမျိုးသား မီတာ ၁၀၀ ဖရီးစတိုင်ကူးပြိုင်ပွဲတွင်လည်း ခြေမြင့်ထိန်းလဝ ရှေ့ရှေ့ မူလက ဝိုင်းအုန်းဆောင် ထားသော ၁ မိနစ် ၀၈ ဒသမ ၁၉ စက္ကန့်ကို ၁ မိနစ် ၀၇ ဒသမ ၆၂ စက္ကန့်ဖြင့် စံချိန်ချိုးခဲ့ပြီး ဖြစ်သည်။

ယနေ့ကျင်းပသော ပွဲစဉ်များတွင် ၄×၁၀၀ လွတ်လပ်စွာကူးအမျိုးသား ပြိုင်ပွဲ၌ United အသင်းက ပထမ၊ Monsters အသင်းက ဒုတိယ၊ အေဝ/လ(ပွဲ)(ရန်ကုန်)အသင်းက တတိယ၊ အမျိုးသမီးပြိုင်ပွဲ၌ United အသင်း ပထမ၊ Monsters အသင်းက ဒုတိယ၊ အေဝ/လ(ပွဲ)(ရန်ကုန်) အသင်းက တတိယ၊ မီတာ ၂၀၀ လင်း ပြေကူး၊ အမျိုးသားပြိုင်ပွဲ၌ (အဝ်) ထီးပအောင်က ပထမ၊ နေအောင် လင်းက ဒုတိယ၊ ထရဲမြင့်က တတိယ၊ အမျိုးသမီးပြိုင်ပွဲ၌ ခိုင်ခိုင်ထူးက ပထမ၊ ရွှေလဲ့မေဦးက ဒုတိယ၊ နန်းယဉ်နီဦးက တတိယ၊ မီတာ ၁၀၀ ဖရီးစတိုင်ကူး၊ အမျိုးသား ပြိုင်ပွဲ၌ ခြေမြင့်ထိန်းလဝ ပထမ၊ တင်ကျော်ဝင်းက ဒုတိယ၊ ရဲနေအောင် ဦးက တတိယ၊ အမျိုးသမီးပြိုင်ပွဲ၌ လီလီအောင်က ပထမ၊ ဆုမြတ်မွန်က ဒုတိယ၊ အယ်လီနီဝင်းက တတိယ၊ မီတာ ၁၀၀ အလွတ်ကူး အမျိုးသားပြိုင်ပွဲ၌ မင်းထူးခေါင် ပထမ၊ ပြတ်ထူးဦးက ဒုတိယ၊ လိန်ထင်ဆိုက တတိယ၊ အမျိုးသမီးပြိုင်ပွဲ၌



ဆံပင်ဆင်ဝင်က ပထမ၊ မေမြင့်ဝဲ တင်က ဒုတိယ၊ ငြိမ်းချမ်းစိုးဝင်းက တတိယ၊ မီတာ ၄၀၀ အလွတ်ကူး အမျိုးသားပြိုင်ပွဲ၌ မင်းထူးခေါင် ပထမ၊ လင်းဟန်စိုးက ဒုတိယ၊ ပြတ်ထူး ဦးက တတိယ၊ အမျိုးသမီး ပြိုင်ပွဲ၌ ခိုင်ခိုင်ထူးက ပထမ၊ ရွှေလဲ့မေဦးက ဒုတိယ၊ ဆံပင်ဆင်ဝင်က တတိယ၊ မီတာ ၁၀၀ ပက်လက်ကူး အမျိုးသားပြိုင်ပွဲ၌ အောင်မျိုးဦးက ပထမ၊ ထူးမြတ် ယိမ်းက ဒုတိယ၊ ဝင်းကောင်းထွန်းက တတိယ၊ အမျိုးသမီးပြိုင်ပွဲ၌ ကေသီ ဝင်းက ပထမ၊ နှင်းဖေါ့မြတ်ဖြူက ဒုတိယ၊ ဇာခြည်နွယ်က တတိယတို့ရရှိ ကြသည်။

ကြော်ငြာအမှတ်စဉ်
ပြည်ပရောင်းချမည့် ရေနံနှင့်သစ်တင်ဒါ
သိမ်းမှုခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း ကြေငြာချက်အမှတ် ..., ... ရက်နေ့ ထုတ်ပြန်ခဲ့သော ... (နယ်)တင်ဒါကို ...
(က) ရောင်းချမည့်ရက်နှင့်အချိန် ...
(ခ) ရောင်းချမည့် အမျိုးအစားနှင့်အရေ ...
(ဂ) ရောင်းချမည့်နေရာ ... မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ...
၂။ (နယ်)တင်ဒါ ... မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်) နှင့် web site ဖြစ်သော www.myanmatimber.com.mm ... 

... မြန်မာ့သစ်လုပ်ငန်း

နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

... ( ၁ ) ခရီးစဉ် ... ( ၂ ) ခရီးစဉ် ... ( ၃ ) ခရီးစဉ် ... 3Star Hotel ...
... 3Star Hotel ...

## နိုင်ငံတကာသတင်း

# ဆီးရီးယား ဓာတုလက်နက်နေရာ ၁၉ ခု စစ်ဆေးပြီး

အမ်စတာဒမ် အောက်တိုဘာ ၂၃

ဆီးရီးယားနိုင်ငံရောက် ဓာတုလက်နက်စစ်ဆေးရေးမှူးများသည် ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်နေရာ ၂၃ ခုအနက် ၁၉ ခုသော် ကွင်းဆင်းစစ်ဆေးခဲ့ပြီးဖြစ်ကြောင်း ဓာတုလက်နက်တားမြစ်ရေးအဖွဲ့ (အိုပီစီဒဗလျူ)က အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားလိုက်သည်။

အဆိုပါ ဓာတုလက်နက်စုံစမ်းစစ်ဆေးရေးမှူးများသည် အောက်တိုဘာ ၁၂ ရက်က နေ့တိုင်းနေရာ တစ်နေရာကို သွားရောက်စစ်ဆေးခဲ့ပြီး ယခုဓာတုလက်နက်နှင့်ဆက်စပ် ပစ္စည်းအားလုံးကို စစ်ဆေးပြီးဖြစ်ကြောင်း အိုပီစီဒဗလျူက ပြောသည်။

"ဆီးရီးယားက ထုတ်ဖော်ကြေညာခဲ့သော နေရာ ၂၃ ခုအနက် ၁၉ နေရာအထိတော့ သွားရောက်စစ်ဆေးခဲ့ပြီးပါပြီ" ဟု ၎င်းအဖွဲ့က ထုတ်ပြန်ပြောကြားသည်။

အဆိုပါအဖွဲ့သည် ဆီးရီးယားနိုင်ငံ ထားနိုင်သမျှ ဓာတုလက်နက်စစ်ဆေးရေးလုပ်ငန်းများ လုပ်ဆောင်နေပြီး နိုင်ငံ၏ဓာတုလက်နက်များ ဖျက်ဆီးပစ်ရန် အစီအစဉ်ကို ပါဝင်ကြောင်း၊ အိုပီစီဒဗလျူ၏ ဝဘ်ဆိုက်ကြေညာချက်တွင် ဖော်ပြသည်။

အမ်အင်န်အေ ဆင်ဟွာ

# [illegible] ဆန္ဒပြကြ

ဝါရှင်တန် အောက်တိုဘာ ၂၇

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီတွင် လူပေါင်းရာနှင့်ချီ၍ အမျိုးသားလုံခြုံရေးအေဂျင်စီ (NSA)၏ ဆိုက်ဘာစောင့်ကြည့်ထောက်လှမ်းမှုများကို ဆန့်ကျင်ဆန္ဒပြမှုတစ်ရပ်ကို အောက်တိုဘာ ၂၆ ရက်က ပြုလုပ်ခဲ့ကြောင်း၊ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ (အပေါ်ပုံ)

ဆန္ဒပြသူတို့သည် နေ့လယ်ပိုင်းတွင် ယူနီယံစတေရှင်မှ ကက်ပီတယ်အဆောက်အဦသို့ ချီတက်ဆန္ဒပြကြသည်။ NSA ၏ PRISM ဟု အမည်တွင်ပေသောသည့် ထိပ်တန်းလျှို့ဝှက်စောင့်ကြည့်ရေး စီမံကိန်းကို အဆုံးသတ်ရန် ယင်းစီမံကိန်းကို တိုက်ထုတ်သော မှားနေသောရှားသူ ရှင်းပြရန် တောင်းဆိုကြသည်။

ဆန္ဒပြသူများသည် "ထုတ်ဖော်ပြောဆိုခွင့်ကို", "မြေရာခံစောင့်ကြည့်နေခြင်းများကို" ဟူသော စာတမ်းများ အပြင် "ငါ့ဖုန်းကို စောင့်ကြည့်စရာမလိုဘူး" ဟူသောစာတမ်းများကို ကိုင်ဆောင်ထား ကြသည်။

ယင်းစောင့်ကြည့်ရေးစီမံကိန်းကို အပြီးတိုင်ရပ်ဆိုင်းလိုက်ခြင်းမဟုတ်ဘဲ အကြံဉာဏ်ပေးထားခြင်းလည်း မရှိကြောင်း ဆန္ဒပြသူများက ဆိုကြသည်။

ယနေ့ဆန္ဒပြပွဲကို အမေရိကန်လွတ်လပ်ခွင့်အဖွဲ့၊ ယူနီယံနှင့် Freedom Works စသည့် အဖွဲ့အစည်းများပါဝင်သည့် ညွန့်ပေါင်း အဖွဲ့တစ်ဖွဲ့က ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

NSA ၏ PRISM စောင့်ကြည့်ရေးစီမံကိန်းကို အမျိုးသားလုံခြုံရေး အေဂျင်စီဟောင်း ဝန်ထမ်း အက်ဒွပ်စနိုးဒင်က ပြိုင်ဘက်နိုင်ငံများ၏ ယင်းစီမံကိန်းကြောင့် စိုးရိမ်ပူပန်လာ ကြစေရာ ဖြစ်ခဲ့ရသည်။

(ဆင်ဟွာ)

# အာဖဂန်ပြည်နယ်များတွင် ပျိုးဖောက်ပြန်ခွဲ အနိုင်ရခဲ့ကျော်သွား

ကန္ဒဟာ အောက်တိုဘာ ၂၇

အာဖဂန် လုံခြုံရေးတပ်ဖွဲ့များသည် ၂၀၀၁ ခုနှစ်က အမေရိကန်ဦးဆောင် နေတိုးတပ်များ ၁၂ ဆင့် ကျော်အောင် နိုင်ငံတကာတပ်ဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ရာ အဓိကတာဝန်ယူ လုပ်ဆောင်ခဲ့ကြသည်။

ပိုမိုတိုးမြှင့်

အမေရိကန်သည် နိုင်ငံအများ အတွက်ဖြစ်သော နိုင်ငံအပြင် အာဖဂန်နိုင်ငံရှိ လုပ်ငန်း ၆၀၀ ကျော်ကိုလည်း ရပ်နားထားသည်။ ဝါရှင်တန်ပို့ သတင်းများအရ အမေရိကန်မှ အာဖဂန်အဖွဲ့ဝင် နိုင်ငံများနှင့် အခြားနိုင်ငံများ ဖြစ်သည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ရုရှား၊ အိန္ဒိယ၊ ပြင်သစ်၊ ဗြိတိန်၊ အမေရိကန်နှင့် တခြားနိုင်ငံတို့ အကြား စီးပွားရေးဆက်ဆံရေးများ ပိုမိုတိုးတက်နိုင်ရန်ဖြစ်သည်။

ထို့အပြင် ၂၀၁၄ ခုနှစ်တွင် အာဖဂန်စီးပွားရေး အဆင့်မြင့်ဖြစ်လာရန် ဦးတည်ဆောင်ရွက်ခြင်း ဖြစ်ကြောင်းလည်း၊ ဂျပန်စာရေးပွဲတွင် ဖော်ပြထားသော ထွက်ပွဲအစီအစဉ်တွင် ပြောကြားသည်။

အမ်အင်န် ဆေးဝင်ပွား

# လက်နက်ကိုင်အဖွဲ့ဝင် ၃ ဦး ထိုက်ခဲ့ပြန် အကြမ်းဖက်အဖွဲ့ဝင်များကို ဘေးကျုံ့ဆိုက်နိုင်

နယူးဒေလီ အောက်တိုဘာ ၂၇

အိန္ဒိယလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အကြမ်းဖက်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် လက်ရှ်ကာအီတိုင်ဘာ (LeT)အဖွဲ့နှင့် အိန္ဒိယစစ်တပ်တို့ အောက်တိုဘာ ၂၆ ရက်က အပြင်းအထန် တိုက်ပွဲဖြစ်ပွားရာ LeT အဖွဲ့မှ ထိပ်ပိုင်းခေါင်းဆောင် သုံးဦး ကျဆုံးကြောင်း၊ ဆင်ဟွာသတင်းတွင် အောက်တိုဘာ ၂၇ ရက်က ဖော်ပြသည်။ တိုက်ပွဲမှာ ဂျမ်မူကက်ရှ်မီးယား ပြည်နယ်ရှိ ကွဲပွားနေသော အိန္ဒိယစစ်တပ်တို့ LeT အကြမ်းဖက် အဖွဲ့ကားစခန်းပစ်မှု တောင်ကြီး အမြင် အလှမ်းပစ်မှု ဖြစ်ပွားခြင်းဖြစ်သည်။

"အိန္ဒိယစစ်တပ်၊ ရဲတပ်နှင့် ဆီအာရ်ပီအက်ဖ်တို့ ပူးပေါင်းတိုက်ခိုက်စဉ် LeT အဖွဲ့ခေါင်းဆောင်များ ထိပ်ပိုင်းကျဆုံးခဲ့ပါသည်၊ တိုက်ပွဲကြောင့် အဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသော်လည်း ပိုမိုနိုင်ပါသည်" ဟု ရဲချုပ် မြောက်ပိုင်း ပုလိပ်ကော်မီရှင်နာက ပြောကြားသည်။ နေ့မှန်းတိုက်ပွဲမှာ ထိပ်ပိုင်းသည် အောက် ၂၀ နှစ်ရှိ အသက်ရှိသည့် LeT ခေါင်းဆောင်တစ်ဦး ဖြစ်ကြောင်း၊ အတည်ပြုနိုင်ခဲ့သည်။

ယခု LeT အဖွဲ့သည် ၎င်း အဖွဲ့ ဦးဆောင်ခဲ့သည့် ၂၀၀၈ ခုနှစ် မွန်ဘိုင်း တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့သည်ဟု စွပ်စွဲခံထားရသည့်အဖွဲ့ဖြစ်သည်။ ရက်ပိုင်းအတွင်း နေ့မှန်းတိုက်ခိုက်မှုဖြစ်ပွားသည့် ဒေသများသည်မှာ ထိန်းချုပ်ပြီးကြောင်း၊ ရဲချုပ်ရေးမှူးက ပြောကြားခဲ့သည်။ (ဆင်ဟွာ)

# ဂျာမနီဝန်ကြီးချုပ် ဖုန်းကိုဆက်သွယ်မှုအား ၂၀၀၂ ခုနှစ်ကတည်းက အမေရိကန်စောင့်ကြည့်ခဲ့

ဘာလင် အောက်တိုဘာ ၂၇

ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာကယ်သည် ၂၀၀၂ ခုနှစ်မှစ၍ ၎င်း၏ မိုဘိုင်းဖုန်း မှတဆင့် အမေရိကန်က ထောက်လှမ်းနားထောင်ခြင်းကို ခံခဲ့ရကြောင်း၊ ဒါရှ်ပီဂယ်မဂ္ဂဇင်းက ဖော်ပြသည်။

မာကယ်ဝန်ကြီးချုပ်မဖြစ်မီ ၂၀၀၂ ခုနှစ်ကတည်းက စောင့်ကြည့်ခံနေရခြင်းဖြစ်ကြောင်း၊ အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ၏ လျှို့ဝှက်မှတ်တမ်းများအရ သိရကြောင်း၊ ဂျာမနီနိုင်ငံထုတ် အဆိုပါမဂ္ဂဇင်းက ဖော်ပြသည်။

ဝေဖန်

ဝင်း၏ ဖုန်းနံပါတ်ကို ၂၀၁၃ ခုနှစ်အထိ စောင့်ကြည့်နေဆဲဖြစ်သည်ဟု ဖော်ပြသည်။ ထိုအစီရင်ခံစာတွင် အမေရိကန်အမျိုးသားစောင့်ကြည့်ရေး အေဂျင်စီအစီအစဉ်နှင့်ပတ်သက်ပြီး ဝါရှင်တန်၌ ဆန္ဒပြခဲ့ကြသည်။

အမျိုးသား ဆန္ဒပြသူများက စောင့်ကြည့်ရေး ကန့်သတ်ချက်ထားသော၊ အစိုးရဝင်စိုးမိုးနေသော စောင့်ကြည့်ရန် ဆိုင်းထုတ်များကိုင်ဆောင်ထားကြသည်။ ထိုနေ့သည် အမေရိကန်အမျိုးသား စောင့်ကြည့်ရေးအေဂျင်စီထံသို့ များကို ထွက်ရခဲ့ဖြစ်သည်။ ယခုစောင့်ကြည့်မှု ရေးအတွက်စုံစမ်းစစ်ဆေးရန် အတွက် ဂျာမနီက စောင့်ကြည့်ရေးအရာရှိချုပ်ကို ဝါရှင်တန်သို့ စေလွှတ်ရန် ပြင်ဆင်လျက်ရှိသည်။ (ဘီဘီစီ)

ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာကယ်

နဂါးကိုးကောင်
စိန်ရွှေရတနာဆိုင်
9:00 am to 6:00pm | ...
9:00 am to 8:00pm | Junction Square Shop House

# မီယာက်နမ်နိုင်ငံ၌ ကင်ဆာရောဂါကြောင့် လူပေါင်း ၇၅၀၀၀ နှစ်စဉ်သေဆုံး

ဟနွိုင်း အောက်တိုဘာ ၂၇

ဗီယက်နမ်နိုင်ငံ၌ ကင်ဆာရောဂါဖြစ်ပွားသူ နှစ်စဉ် ၁၅၀၀၀၀ ထက်မနည်းရှိပြီး သေဆုံးသူ ၇၅၀၀၀ ရှိကြောင်း၊ ဗီယက်နမ်အစိုးရ၏ အန်ဒိုမြို့၌ ကျင်းပသော ကင်ဆာရောဂါ အမျိုးသားဆိုင်ရာ ညီလာခံ၌ အစီရင်ခံချက်အရ သိရသည်။ ဗီယက်နမ်နိုင်ငံတွင် ကင်ဆာရောဂါ ဖြစ်ပွားနိုင်သည့် အရာဝတ္ထုများ တစ်နည်းအားဖြင့် ကင်ဆာဖြစ်စေသော ဓာတုပစ္စည်းများ မသင့်မလျော်သုံးစွဲခြင်းဖြစ်ကြောင်း ယင်းနိုင်ငံ၏ ကင်ဆာဆေးရုံအုပ်ကြီးက ပြောကြားသည်။ ထိုရောဂါမှာ ယခင်ကထက် ပို၍ များပြားလာနေသည်ဟု ဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၁၀ ခုနှစ်တွင် ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ကင်ဆာရောဂါ ခံစားနေရသူ ၂၂ သန်း ရှိကြောင်း၊ ယင်းတို့ ၂၅ နှစ်အတွင်း ထိုသို့ အသိရှင်ပေးနိုင်ကြောင်း၊ ယင်းရောဂါကြောင့် လူပေါင်း ၁၃၀ သန်းမှ သေဆုံးမည်ဟု ခန့်မှန်းရကြောင်း၊ ယင်းတို့တွင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အများဆုံးဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ ဆင်ဟွာ

# ပွတ်တိုက်မှုပြင်းထန်လာတဲ့ တရုတ်နဲ့ဂျပန်

စီးပွားရေးကြီးမားတဲ့နိုင်ငံကြီးဖြစ်တဲ့ တရုတ်နဲ့ ဂျပန်တို့ ကျွန်းစုတစ်ခုကို ဘယ်ဘက်ကပိုင်ဆိုင်ခွင့်ရှိကြောင်း ငြင်းခုံရာမှ စတင်ကာ ပြဿနာတစ်ရပ်ဖြစ်လာ ပြီး နောက်ထပ် ထိပ်တိုက်တွေ့မှုတွေ ဖြစ်လာစရာ ရှိနေပါတယ်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး

စစ်အေးကြီးလွန်လာတဲ့ တရုတ်ရဲ့ အာဏာချိန်ခွင်လျှာကို လိုက်လံထွန်းနိုင်ဖို့ ထိုးထွင်ကြိုးစားနေတဲ့ နိုင်ငံတွေက ဂျပန်ကို အာရှရဲ့ဦးဆောင်မှုကို ပိုပြီးလုပ်လိုက်စေလိုတဲ့ ဆန္ဒရှိနေတယ်လို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားလိုက်ပါတယ်။

တရုတ်နိုင်ငံဟာ ဒေသတွင်းမှာ စိုးမိုးမှုတည်ဆောက်ရေးအတွက် အင်အားသုံးမှုကို မြှင့်တင်ဖို့ကြိုးစားနေတယ်လို့ စိုးရိမ်ရတယ်လို့လည်း မနေ့ကထုတ်ဝေတဲ့ The Wall Street ဂျာနယ်ကို ပြောဆိုလိုက်ပါတယ်။ တရုတ်နဲ့ ဂျပန်နိုင်ငံတို့ရဲ့ ဆက်ဆံရေးဟာ မကြာသေးမီနှစ်များက ပိုမိုတင်းမာလာခဲ့ပါတယ်။

ဂျပန်အနေနဲ့ တရုတ်ရဲ့ မောင်းထုတ်ရန်ကြံစည်မှုကို ရပ်တန့်ဖို့ ကြိုးစားမယ်လို့ အာဘေးက ပြောကြားလိုက်ပါတယ်။ ဂျပန်ကို ဆန့်ကျင်တဲ့ တရုတ်ရဲ့ လှုပ်ရှားမှုတွေဟာ ဒေသတွင်းမှာ စိုးရိမ်ပူပန်မှု ဖြစ်စေတယ်လို့ ဆိုပါတယ်။ ဂျပန်က ဒေသတွင်း အင်အားချိန်ခွင်လျှာကို ထိန်းသိမ်းရာမှာ အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်ဖို့ ဆန္ဒရှိပါတယ်လို့ ဆိုပါတယ်။

နှစ်နိုင်ငံကြား ဆက်ဆံရေး ပိုမိုဆိုးရွားလာတာဟာ ကျွန်းပိုင်ဆိုင်မှု အငြင်းပွားမှုကြောင့်ဖြစ်ပြီး ကျွန်းစုတွေကို ဂျပန်က ၂၀၁၂ ခုနှစ်မှာ နိုင်ငံပိုင်ပြုလုပ်ခဲ့ပြီးနောက် တင်းမာမှုတွေ ပိုမိုမြင့်တက်လာခဲ့ပါတယ်။ ဒီကျွန်းတွေကို တရုတ်က တိယောက်ျ ကျွန်းလို့ခေါ်ပြီး ဂျပန်က ဆင်ကာကူ ကျွန်းလို့ ခေါ်ပါတယ်။ ဒီကျွန်းဒေသမှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့ သိုက်တွေ ရှိနိုင်တယ်လို့ ယူဆကြပါတယ်။

နှစ်နိုင်ငံအကြား ဆွေးနွေးမှုမပြုနိုင်ဘဲ တင်းမာမှုတွေ ဆက်လက်ရှိနေတယ်လို့ ဆိုပါတယ်။ တရုတ်ဟာ စစ်ရေးဆိုင်ရာ အသုံးစရိတ်ကို တိုးမြှင့်လာပြီး ဂျပန်နိုင်ငံ အနီးက ပင်လယ်ပြင်မှာ ရေတပ်လှုပ်ရှားမှုတွေ တိုးလာနေတယ်လို့ မစ္စတာ အာဘေးက ပြောဆိုလိုက်ပါတယ်။ တရုတ်အနေနဲ့ ဥပဒေစိုးမိုးရေးထက် အင်အားသုံးမှုကို ရွေးချယ်ခဲ့ရင် ငြိမ်းချမ်းရေး မဖြစ်နိုင်တော့ဘူးလို့ ဂျပန်ဝန်ကြီးချုပ်က ပြောကြားလိုက်ပါတယ်။ ဒီလိုမျိုး အခြေအနေမျိုးမှာ နိုင်ငံတကာဥပဒေ ကို လေးစားဖို့လိုပါတယ်လို့ ဂျပန်ဝန်ကြီးချုပ်က ပြောကြားလိုက်ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ တရုတ်ကလေးယာဉ်များ ပစ်ချရေးကိုတော့ အစီအစဉ်များ ပြုလုပ်ထားမယ်ဆိုရင်တော့ လက်တုံ့ပြန်သွားမှာဖြစ်တယ်လို့လည်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၆ ရက်မှာ ပြောကြားလိုက်ပါတယ်။ ဒါကြောင့်မို့ တရုတ်နဲ့ ဂျပန်တို့ဟာ မြန်မာလည်းဘာဖြစ်လို့မလဲဆိုတာ ဆက်လက်စောင့်ကြည့်ရမယ့် အနေအထားရှိပါတယ်။

**စောင်းစွေသမီ**

နိုင်ငံတကာသတင်း

## ဘင်္ဂလားဒေ့ရှ်အထိုင်စက်ရုံ မီးလောင်ကျွမ်းမှုဖြစ်

ဘင်္ဂလားဒေ့ရှ် အထိုင်စက်ရုံပါတီများက ဆန္ဒပြသူတို့သည် ကြိုးပမ်းမှု တစ်ရပ်အဖြစ် ထုံးရက်ကြာ အမှုပြုလို့ လောင်းစိုင်းမှုပြုဖြစ်ကြောင်း အောက်တိုဘာ ၂၇ ရက် ဒီဗီစီထုတ်တွင် ဖော်ပြသည်။ ရဲတော့က ဘင်္ဂလားဒေ့ရှ် အလယ်ပိုင်း ဆန္ဒပြပွဲတစ်ခုတွင် ဆေးနုတ်ပေါက်ကွဲမှုများခဲ့သဖြင့် အနည်းဆုံး ဆန္ဒပြသူ တစ်ဦး သေဆုံးသွားသည်။ အစိုးရအနေဖြင့် ရွေးကောက်ပွဲ မတိုင်မီ ကြားဖြတ်အစိုးရဖွဲ့စည်းပေးရန် မလွှဲမရှောင်သာ ဖြစ်ကြောင်း အတိုက်အခံအဖွဲ့က ပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ် ရှိတ်ဟာစီနာနှင့် ဖုန်းပြော ဆွေးနွေးရန် ဖိတ်ကြားထားသည်။ ကြားဖြတ်အစိုးရ ဖွဲ့စည်းမှုအပေါ် အငြင်းပွားနေကြသည်။ ယင်း ဆန္ဒပြမှုသည် နောက်ထပ် ထပ်မံ ဖြစ်ပေါ်လာနိုင်သည်ဟု ရဲတော့က စစ်ဆေးမှုပြုလုပ်လျက်ရှိကြောင်း ဆိုသည်။

## လျှပ်ကိုးဘလောင်းရွေးကောက်ပွဲကျင်းပ

ဆွစ်ဇာလန်နိုင်ငံတွင် အနေအထားတည်ငြိမ်လာသော ဘယ်ဘက် မဲပေး လော့ဝ်နိုင်ငံ၏ ဆယ်စုနှစ်ကြာ အာဏာသိမ်းခြင်းမှုကို ဖေးဖူးထားရန် ဘယ်ဘက် ရွေးကောက်ပွဲကို တော်လှန်ရေးနေ့ဖြစ်ကြောင်း အောက်တိုဘာ ၂၇ ရက် ဒီဗီစီ ထုတ်တွင် ဖော်ပြသည်။ အဆိုပါ ဘယ်ဘက်ရွေးကောက်ပွဲသို့ ၂၇ ဦး ဝင်ရောက်အရွေးခံရာတွင် ဝန်ကြီးချုပ် ဟင်ဒရူးလ်ဖန်နှင့်နီဗိုလ်၏ မိတ်ဆွေများ ပါဝင်သည်ဟု ဆိုသည်။ ယင်းရွေးကောက်ပွဲပြီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ ဘယ်ဘက်၏ လွတ်လပ်ရေးတို့မှာ ဒီမိုကရေစီဖြစ်ထွန်းမည်ဟု ဆိုသည်။ မနေ့က ဘယ်ဘက်ရွေးကောက်ပွဲ စနစ်တွင် ဘယ်ဘက်ဝင်သည့်ကိုယ်စားလှယ်လောင်းများ ရှေးနောက်ပြင်းထန်မှုဖြစ်ပါ၍ ရှေ့ရှုမှုလေးစားဆိုချက်ပြုလုပ်သည်။ မနေ့က ဆီဖန်နှင့်နီဗိုလ် အမိုက်ပါ အခွင့်အရေးမှာ ဝေဝေဝေကြင်နိုင်ခဲ့ကြောင်း ဆွေးနွေးလိုက်သည်ဟု ဆိုသည်။ ၄င်းသည် စီးပွားရေးလုပ်ငန်းရှင် ဖြစ်သည်။

## သိုက်ကျီးအသင့်အတွက်သင့်ဖို ပိုဆယ်ချရစင်းလွန်

ဆီးရာလီယွန်က ပြည်ထောင်စုကြီး၏ ရေနံရှာဖွေရေးနှင့်ပင်လယ်ကမ်းခြေ ဝင်ရောက် စီးနင်း၍ ဓာတ်လိုက်စက်များကို အထွက်ဝင်ခွင့်ပြုခဲ့ကြောင်း အောက်တိုဘာ ၂၆ ရက် ဒီဗီစီထုတ်တွင် ဖော်ပြသည်။ ယင်းသို့ ပြုမှုသည် ခရိုင်များတွင် အဆိုးရွားဆုံး ဖြစ်ကြောင်း ပြည်ထောင်စုနိုင်ငံတော် ကာကွယ်ရေးအာဏာပိုင်များက ပြောကြားသည်။ အဆိုပါ ဆက်သွယ်ချက်မှု အပြင်းထန်ဆုံးလို့ ထိုနိုင်ငံအား ဖိအားပေး၍ ဆက်သွယ်ရေးမျိုးဖြစ်သည်ဟု ဆိုသည်။ ယင်း တိုက်ခိုက်မှုသည် ဆွေးနွေးမှု မပြုခင် ထိုင်ခိုက်နေသည့်ဖြစ်ရပ် များ၏ နောက်ဆက်တွဲဖြစ်ကြောင်း ဒီဗီယာစာထုတ်များက ပြောသည်။

ပြိုင်ဘက်ဝင်-ရှုမြင်းငြိမ်

## ကျန်းမာရေးအလေ့အကျင့်နှင့် နှလုံးရောဂါ၊ အဆစ်ရောင်ရောဂါများ ဆက်စပ်မှုရှိ

ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန် လုပ်ပေးသော လေ့ကျင့်ခန်းလုပ်သူ ဖော့ အမျိုးသမီးများသည် ကျန်း မာရေး အလေ့အထကောင်းနည်းပါး သည် ဖုတ်တိုင်း ထပ်ဆင့်အကျိုးများ နှင့်တကွ အလေ့အထမ်းမ်းကြီး၊ ရောဂါနိုင် ဆန့်ခံနိုင်စွမ်းဖြစ်ပြီး၊ အရွယ်သိမ်းနိုင်ပါကြောင်း၊ ထုတေ ဖော်ပြတွေ့ရှိသည်။

လေ့ကျင့်ခန်းလုပ်ခြင်း၊ ဆေးလိပ်မသောက်ခြင်း၊ ထမင်းအတော်အသင့်စားခြင်း၊ အလေ့အထများသည် ကာကွယ်ပေးပြီး နှလုံး ရောဂါ၊ အဆစ်ရောင်ရောဂါနှင့် အလားတူ ရောဂါများ ဖြစ်ပွားမှုနည်းပါးကြောင်း ကျန်းမာရေး ရှုမှာ မဟန်မွမ်းဖြစ်စေမှု ကို လျော့နည်းစေပြီး ဖြစ်စေ ကြောင်း ဆိုသည်။

"အမေရှောင်ကြဉ်ခြင်း၊ လေ့ကျင့်ခန်း ပုံမှန်လုပ်ခြင်း မဟန်မွမ်းဖြစ်မှုနှင့် နေထိုင်မှုပုံစံနှင့် ဆက်စပ်မှုရှိသော ကျန်းမာရေး ထုတေသနပြုခဲ့သည်"ဟု ထုတ်ဝေ ဆေးပညာဆိုင်ရာစာစောင်တွင် ဖော်ပြထား သော ထုတေသနစာတမ်းတွင် ဖော်ပြထား ကြောင်း ပြောကြားသည်။

ဗြိတိန်အမျိုးသမီးများ နှလုံးနှင့် ကျန်းမာရေး ထုတေသနအတွက် အသက် ၆၀ နှင့် ၇၀ ကြား အမျိုး သမီး ၂၅၀၀ ကျော်ကို စစ်တမ်းကောက် ခဲ့သည်။ ဆေးလိပ်မသောက်မှု၊ လေ့ကျင့်ခန်းလုပ်မှု၊ ဟင်းသီးဟင်းရွက်စားမှုနှင့် အလေ့အကျင့် ကောင်းများ ရှိသူများသည် ကျန်းမာမှုကောင်းမွန်ကြောင်း တွေ့ရှိခဲ့သည်။

ထိုထုတေသနပြုသည့်အခါ အဆိုပါ အမျိုး သမီးများ၏ ကျန်းမာရေး အခြေ အနေကို ပြန်လည်အကဲဖြတ်ခဲ့သည်။ ထုတေသန ရလဒ် တွေ့ရှိချက်များမှာ လေ့ကျင့်ခန်း မလုပ်သူ အမျိုးသမီးများ သည် အဆစ်ရောင်ရောဂါဖြစ်မှုများ လေ့ကျင့်ခန်းလုပ်သူထက် ပိုမိုများပြားသည်။ တစ်ဖက်တွင်လည်း လေ့ကျင့်ခန်းလုပ်သူ ဆင်းရဲသော အမျိုးသမီးများတွင် နှလုံးရောဂါဖြစ်ပွားမှု လျော့နည်းသည်ဟုလည်း ဖြစ်နိုင်ခြေရှိသည်။

ထိုထုတေသန ကောင်းကျိုး ကျန်းမာရေး ဆက်စပ်မှုကို ရှိသော ဆေးလိပ်မသောက်သော အမျိုးသမီးများတွင် နှလုံးရောဂါဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရှိခဲ့သည်။

ထိုကြောင့်ကြောင့် ထုတေသီတို့ မှတ်ချက်အရ ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အကျင့်ကို ပြုလုပ်ပေးသင့်ကြောင်း၊ ဆေးလိပ်ဖြတ်ရှောင်ခြင်းနှင့် လေ့ကျင့်ခန်း ပုံမှန်လုပ်ခြင်းသည် ထုတေ သနတွေ့ရှိချက်အရ အကျိုးရှိကြောင်း ထုတေသီများက ပြောကြားသည်။

**ပုံစာ–ဆေးလိပ်**

## သတိပေးနှိုးဆော်ချက်

ယခုအခါ မိုးရာသီကာလ ရောက်ရှိနေပြီဖြစ်ပါ၍ ပင်လယ်ကမ်းရိုးတန်း များနှင့် မြစ်ချောင်း ကမ်းစပ်များတွင် နေထိုင်ကြသော ပြည်သူများသည် မုန်တိုင်း ရေကြီးရေလျှံမှုကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည် အပြင် ပင်လယ်၊ မြစ်ချောင်းများတွင် သွားလာနေကြသော ရေယာဉ်များသည် လည်း ရာသီဥတုကြောင့်လည်းကောင်း၊ မတော်တဆမှုကြောင့် လည်း ကောင်း၊ ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ဘေးအန္တရာယ်ကြောင့် မိမိ ပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရန် ခရီးသည်များ၊ ရေယာဉ်တိုင်းတွင် အသက်ကယ်အင်္ကျီ (Life Jackets) များ ဆောင်ထားကြပါရန် အထူးပင် နှိုးဆော်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ဝမ်းမြောက်စွာ ထုတ်ပြန်ကြောင်း

မိနှစ်မိုးအလှကြီး ဆွေမျိုးမြို့နယ် ... ကျောင်းတိုက် ... ဦးနှင့် ... (ရဲ)ဒေါ်ဆွဲ ... ဝင်ရောက် ... ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးမိုးဝင်းနိုင် ... M-3 ... အမည်ပြောင်း ... သိရှိ ... ပြောင်းလဲပါကြောင်း။

တင်ဒါခေါ်ယူခြင်း

ဆရာတော်(၂)အကြီးတန်းတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်သာ)

၁။ အမှတ်(၂)အကြီးတန်းကျောင်းမှ အမှတ်(၂)အကြီးတန်းကျောင်း(ဘု)၊ Sales ဌာနသို့ အသုံးပြုရန် အောက်ဖော်ပြပါ စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Glass Cleaning Machine -1 Unit

(ခ) Lamination Machine -1 Unit

(ဂ) Sun Simulator Machine -1 Unit

(ဃ) Generator 250 KW -1 Unit

၂။ တင်ဒါပုံစံ ရောင်းချမည့်ရက် – ၂၉–၁၀–၂၀၁၃ ရက်

တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် – ၅–၁၁–၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ

တင်ဒါလက်ခံမည့်နေရာ – အမှတ်(၂)အကြီးတန်းကျောင်း(ဘု)၊ Sales ဌာန

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ... ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှတ်(၂)အကြီးတန်းကျောင်း(ဘု)

ရန်ကုန်တိုင်းဒေသကြီး ... မြို့နယ် ... အမှတ် ...

ဖုန်း–၀၁–၅၅၉၈၇၇၊ ၀၁–၅၅၈၀၉၉ ...

SHWE LWIN THIT TRADING CO.,LTD

Registration No.574/2005-2006

Licence No.62/2011

သင် JAPAN နိုင်ငံမှာ အလုပ်လုပ်ကိုင်ချင်လျှင်

ဂျပန်နိုင်ငံ CHIBA KEN, MIYAGI KEN, IBARAKI KEN ...

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့ စာဖတ်ခြင်း

## ပါမောက္ခဒေါက်တာအောင်ထွန်းသက်

"အလိမ္မာစာမှာရှိ"ဆိုတဲ့ အဆုံးအမကို ငယ်ငယ်ကတည်းက ကျွန်တော် ကြားဖူးခဲ့ပါတယ်။ အဓိပ္ပာယ်ကို အတိအကျမသိပေမယ့် စိတ်ထဲမှာ ခံစားလို့ရတာမို့ စာဖတ်ခြင်းကို မြတ်နိုးခဲ့ပါတယ်။ မိဘတွေက ကျွန်တော့်ကို သုံးနှစ်မပြည့်မီ မူကြိုထားခဲ့ပါတယ်။ တက်ခဲ့တဲ့ကျောင်းက ပြည်ထောင်စုရိပ်သာလမ်းမှာရှိတဲ့ လေဒီပေါ်ထွန်းကျောင်းဖြစ်တယ်။ ဆရာမကြီးက အင်္ဂလိပ်လူမျိုး။ သူ့ရဲ့ခင်ပွန်းက နာမည်ကြီးတဲ့ နိုင်ငံရေးသမား ဆာပေါ်ထွန်းဖြစ်ပါတယ်။ မူကြိုကျောင်းမှာ အတန်းပညာတွေ သင်ကြားတာမဟုတ်ဘဲ စာကိုချစ်အောင်၊ ပညာကိုမြတ်နိုးအောင် သင်ပေးခဲ့ပါတယ်။ ရုပ်စုံတွေအများကြီးပါတဲ့ ကလေးငယ်တစ်ဦး စိတ်ဝင်စားမယ့် စာအုပ်တွေကို ဆရာမကြီးက ကိုယ်တိုင်ကိုယ်ကျ သင်ပေးပါတယ်။ ဒီအချိန်ကစပြီး စာဖတ်ခြင်းဝါသနာရခဲ့ပါတယ်။

ကျွန်တော့်စာဖတ်ခြင်းဝါသနာကိုပေးခဲ့တဲ့သူ နောက်တစ်ဦးက ဖခင်ဖြစ်ပါတယ်။ စစ်မှုထမ်းဖြစ်ပြီး ဒုတိယကမ္ဘာစစ်ကာလ တော်လှန်ရေးမှာပါဝင်ခဲ့ရလို့ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး စစ်ထဲဝင်ခဲ့သူဖြစ်တာမို့ ပညာရေးခရီး တစ်ဝက်တစ်ပျက်ဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့် ဖခင်က စာဖတ်ခြင်းကိုဝါသနာပါတယ်။ ကျွန်တော်တို့အိမ်မှာ စာအုပ်တွေအများကြီးရှိခဲ့တယ်။ စစ်သားမို့ သူစိတ်ဝင်စားတဲ့ စစ်ဘက်ဆိုင်ရာ စာအုပ်တွေကို အမြဲဖတ်ပါတယ်။ ဒါကြောင့် ကျွန်တော်ငယ်ငယ်ကတည်းက အမေရိကန်၊ အင်္ဂလန်က စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ အတ္ထုပ္ပတ္တိတွေကို ဖတ်ခဲ့ရပါတယ်။

နောက်တစ်ဦးကတော့ ကျွန်တော့်မိခင်ဘက်က အဘိုးဖြစ်သူ။ သူက ထားဝယ်မြို့က ငွေစာရင်းစာရေးကြီး။ ကျွန်တော်မွေးလာတဲ့အချိန်မှာ သူ့သမီးနဲ့အတူလာနေတယ်။ သူက ကျွန်တော့်ကို Reader's Digest ကို ဖတ်ဖို့သင်ပေးတယ်။ မသိတဲ့စကားလုံးတွေကို ရှင်းပြပေးခဲ့တယ်။ ဒါကြောင့် စာဖတ်တာကို ချစ်တယ်။ မြတ်နိုးတယ်။

ကျွန်တော် အမြဲပြောခဲ့သလို ကျွန်တော်ဟာ ပညာရေးကံကောင်းခဲ့တယ်။ ဒါကြောင့် မူကြိုကစပြီး ဘွဲ့လွန်ပါရဂူဘွဲ့ရသည်အထိ ရေတွက်လိုက်ရင် စုစုပေါင်း ၂၅ နှစ်ကျော် စာသင်ခဲ့ရတယ်။ စာသင်ခဲ့ရလို့ စာတွေကတော့ ဖတ်ရတာပါပဲ။ စာဖတ်ခြင်းနဲ့ ပတ်သက်လာရင် တချို့က ဘာစာတွေ ဖတ်သင့်သလဲလို့မေးကြတယ်။ ကျွန်တော့်သဘောက ကြိုက်တာကို ဖတ်စေချင်တယ်။ ဟိုဟာဖတ်၊ ဒီဟာဖတ်လို့ မသတ်မှတ်စေချင်ဘူး။ ဗဟုသုတရတာကို ဖတ်စေချင်တယ်။ သတင်းစာ အပိုင်းအစကိုတွေ့ရလည်း ဖတ်ရမယ်။ တလောက ညီတစ်ဝမ်းကွဲနဲ့ ဆွမ်းကျွေးတစ်ခုမှာတွေ့တော့ သူက လူပုံအလယ်မှာ "အစ်ကိုက ငယ်ငယ်လေးကတည်းက စာဖတ်ဝါသနာကြီးတဲ့သူ၊ အိမ်သာတက်တာတောင် စာအုပ်တစ်အုပ်နဲ့တက်တာ" လို့ ရယ်စရာပြောခဲ့တယ်။ သူပြောမှ သတိပြုမိတယ်။ ကျွန်တော် ဒီအထိဖြစ်ခဲ့တာ။

စာဖတ်ခြင်းကရတဲ့ အထူးခြားဆုံးအကျိုးကတော့ မိမိကိုယ်မိမိ နှိမ့်ချတဲ့စိတ်ပဲဖြစ်ပါတယ်။ တစ်ခါတလေလူတွေဟာ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးကြတယ်။ "မှတစ်ပါး တခြားမရှိ"၊ ကိုယ့်လောက်တတ်တာ၊ ကိုယ့်လောက်သိတာ မရှိဘူးလို့ထင်ကြတယ်။ ဒီစိတ်ကို ထိန်းချုပ်နိုင်တာကတော့ စာဖတ်ခြင်းပဲဖြစ်ပါတယ်။ စာများများဖတ်လေလေ၊ ကိုယ်မသိတာ ကိုယ်မတတ်တာ ပိုပြီးပေါ်လွင်လာတာတွေ့ရပါတယ်။ မိမိရဲ့အားနည်းချက်တွေ၊ မိမိရဲ့မပြည့်စုံမှုတွေကို စာဖတ်ခြင်းကနေ သိသာလာမှာ ဖြစ်ပါတယ်။

တလောက အင်္ဂလိပ်သတင်းစာ အဟောင်းတစ်စောင်မှာ ဆောင်းပါးတစ်ပုဒ်ကို ဖတ်ခဲ့ရပါတယ်။ သတင်းစာတစ်စောင်လုံးကို မဟုတ်ဘဲ စာမျက်နှာ(၂)မျက်နှာလောက်ကိုသာ ဖတ်ခဲ့ရတာဖြစ်ပါတယ်။ ဆောင်းပါးရှင်က "To lead,read" "ဦးဆောင်နိုင်ဖို့ စာဖတ်ပါ"လို့ ရေးခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်ဟာ ခေါင်းဆောင်မှုပညာကို သင်ကြားလေ့လာသူတစ်ဦးအနေနဲ့ စာရေးတဲ့သူ စဉ်းစားချက်ကို တစ်ချိန်တုန်းက သတိမပြုမိတာကို ဝန်ခံရမှာဖြစ်ပါတယ်။ ခေါင်းဆောင်ကောင်းတစ်ဦးဟာ ခေါင်းဆောင်မှုပေးနိုင်ဖို့ အရည်အချင်း၊ အရည်အသွေး အမျိုးမျိုးလိုအပ်ပါတယ်။ ဒီအရည်အချင်းတွေ၊ အရည်အသွေးတွေမြှင့်တင်နိုင်ဖို့ အခြေခံကတော့ စာဖတ်ခြင်းပဲဖြစ်ပါတယ်။ ခေါင်းဆောင်တစ်ဦးဖြစ်ဖို့ ဘာတွေလိုတယ်။ ဘာတွေကို ပြင်ဆင်ရမလဲဆိုတာတွေကို စာတမ်းတွေ၊ စာအုပ်တွေ အမျိုးစုံရှိပါတယ်။ ခေါင်းဆောင်တစ်ဦးဟာ ဒီလေ့လာမှုတွေ၊ ရေးသားမှုတွေနဲ့ မရင်းနှီးဘဲ ခေါင်းဆောင်မှုတာဝန်ကို ပြည့်ပြည့်စုံစုံယူနိုင်ဖို့ ခဲယဉ်းမှာဖြစ်ပါတယ်။ မှားခဲ့တဲ့အမှားတွေ၊ မှန်ခဲ့တဲ့အချက်တွေကို ဆန်းစစ်သုံးသပ်ပြီး မိမိရင်ဆိုင်နေရတဲ့ အခြေအနေကို လိမ္မာပါးနပ်စွာ ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။

**စာဖတ်ခြင်းကရတဲ့ အထူးခြားဆုံးအကျိုးကတော့ မိမိကိုယ်မိမိ နှိမ့်ချတဲ့စိတ်ပဲဖြစ်ပါတယ်။ တစ်ခါတလေလူတွေဟာ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးကြတယ်။ "မှတစ်ပါးတခြားမရှိ"၊ ကိုယ့်လောက်တတ်တာ၊ ကိုယ့်လောက်သိတာမရှိဘူးလို့ထင်ကြတယ်။ ဒီစိတ်ကို ထိန်းချုပ်နိုင်တာကတော့ စာဖတ်ခြင်းပဲဖြစ်ပါတယ်။ စာများများ ဖတ်လေလေ၊ ကိုယ်မသိတာကိုယ်မတတ်တာ ပိုပြီးပေါ်လွင်လာတာ တွေ့ရပါတယ်။ မိမိရဲ့အားနည်းချက်တွေ၊ မိမိရဲ့မပြည့်စုံမှုတွေကို စာဖတ်ခြင်းကနေ သိသာလာမှာ ဖြစ်ပါတယ်။**

ဒီဆောင်းပါးမှာ သူကနာမည်ကျော် အမေရိကန်ကြည်းတပ် ဗိုလ်ချုပ်ကြီး တစ်ဦးအကြောင်းကို တင်ပြခဲ့ပါတယ်။ ဒီဗိုလ်ချုပ်ကြီးဟာ အီရတ်စစ်ပွဲမှာ နာမည်ရခဲ့သူဖြစ်ပြီး အာဖဂန်စစ်ပွဲကိုလည်း ဦးစီးခဲ့သူဖြစ်ပါတယ်။ စစ်ရေးဘက်မှာ ထူးချွန်တဲ့သူဖြစ်ပြီး သူက International Relations ဘာသာရပ်နဲ့ ပတ်သက်ပြီး ပါရဂူဘွဲ့ရယူထားသူဖြစ်ပါတယ်။ တစ်နည်းပြောရရင် စာတွေ့လက်တွေ့ပြည့်စုံသူဖြစ်ပါတယ်။ သူကတပ်မှာ အမှုထမ်းရင်း ဟားဗတ်တက္ကသိုလ်က နာမည်ကျော် Kennedy School of Government မှာ သင်တန်းတက်ခဲ့ပါတယ်။ တက္ကသိုလ်ကို ရောက်ရောက်ချင်း သူက ပါမောက္ခနှစ်ဦးနဲ့ တွေ့ပါရစေလို့ ခွင့်ပန်ခဲ့ပါတယ်။ သူတွေ့လိုတဲ့ ပါမောက္ခနှစ်ဦးက အနုပညာနဲ့ စာပေဗေဒဌာနကသူတွေ ဖြစ်တယ်။ ဗိုလ်ချုပ်ကြီးနဲ့ နီးစပ်တဲ့ ဘာသာတွေမဟုတ်ပါဘူး။ ဒါပေမယ့် ဗိုလ်ချုပ်ကြီးဟာ ကျယ်ကျယ်ပြန့်ပြန့်လေ့လာတဲ့သူ၊ စိတ်ဝင်စားတဲ့သူ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် Life-wide Learning ကျယ်ပြန့်တဲ့ သင်ယူခဲ့သူ ဖြစ်ပါတယ်။ ပညာရေးလောကမှာ အသုံးများတဲ့ အသုံးအနှုန်းနှစ်ခုရှိပါတယ်။

လူသိများတဲ့ Life-long Learning က တစ်သက်တာ လေ့လာခံယူမှုနဲ့ အသိနည်းသေးတဲ့ Life-wide Learning ဖြစ်ပါတယ်။ Life-wide Learning နဲ့ ပတ်သက်လာရင် ပညာရေးစနစ်တစ်ခုလုံးကို ပြန်လည်သုံးသပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကလေးတွေကို ငယ်ငယ်ကတည်းက ဝိဇ္ဇာနဲ့ သိပ္ပံလိုင်းတွေ ခွဲထုတ်ပါတယ်။ ဒါကြောင့် သိပ္ပံလိုင်းရောက်သွားတဲ့ကလေးဟာ ဝိဇ္ဇာဘာသာရပ်တွေနဲ့ ဝေးကွာသွားသလို၊ ဝိဇ္ဇာလိုင်းလိုက်သူဟာလည်း သိပ္ပံအကြောင်း လုံးဝမသိတော့ပါဘူး။

စာဖတ်ခြင်းကတစ်ဆင့် Life-wide Learning ကို အထောက်အကူဖြစ်စေခဲ့ပါတယ်။ ကိုယ်စိတ်ဝင်စားတဲ့၊ သိချင်တဲ့ဘာသာကို အကန့်အသတ်မရှိ လေ့လာခွင့်ရှိပါတယ်။ စာအုပ်မျိုးစုံကိုဖတ်ရှုရင်း မိမိရဲ့အရည်အသွေးတွေ မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ စာဖတ်ခြင်းနဲ့ပတ်သက်လာရင် ရရှိတဲ့နောက်အကျိုးကျေးဇူးတစ်ရပ်ကတော့ ဆင်ခြင်သုံးသပ်မှုအင်အားပဲ ဖြစ်ပါတယ်။ စာဖတ်ရာမှာ ရေးထားသမျှကို မျက်စိမှိတ်လက်ခံခြင်းမဟုတ်ဘဲ စာထဲမှာပါတာတွေကို မိမိဘဝ၊ မိမိအတွေ့အကြုံနဲ့ယှဉ်တွဲပြီး သုံးသပ်ဆင်ခြင်နိုင်တဲ့ အလေ့အကျင့်ကိုပေးပါတယ်။ စာရေးသူဟာ မိမိရဲ့အယူအဆ၊ အထင်အမြင်တွေကို တင်ပြခြင်းဖြစ်ပါတယ်။ ဝတ္ထုရေးသားတဲ့ စာရေးဆရာဟာ မိမိရဲ့ခံစားမှုကို စာဖတ်ပရိသတ်တွေ မိမိနဲ့အလားတူ ခံစားနိုင်အောင် ဖန်ဆင်းပေးခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့ဖန်ဆင်းမှုကို စာဖတ်သူက မိမိရဲ့ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အမြင်နဲ့ထင်ဟပ်နိုင်ဖို့ အရေးကြီးပါတယ်။

စာဖတ်ခြင်းနဲ့ပတ်သက်လာရင် စဉ်းစားရမယ့်ကိစ္စက စာကြည့်တိုက်ပဲ ဖြစ်ပါတယ်။ ကျွန်တော်မကြာခဏတင်ပြခဲ့ပါတယ်။ စာကြည့်တိုက်ဟာ စာအုပ်စာတမ်းတွေ စုစည်းထားတဲ့နေရာ၊ ဗိမာန်တွေမဟုတ်ပါဘူး။ အမှန်တော့ စာကြည့်တိုက်တွေဟာ အသိတရားတွေ စုစည်းထားတဲ့နေရာတွေ ဖြစ်ပါတယ်။ ဒါကြောင့် စာဖတ်ခြင်းနဲ့တွဲဖက်ပြီး စာကြည့်တိုက်ကို ထည့်စဉ်းစားဖို့ လိုအပ်ပါတယ်။ ကမ္ဘာကျော် လန်ဒန်မြို့မှာရှိတဲ့ British Library ဆိုရင် အလွန်ခမ်းနားပါတယ်။

ဒီလိုပဲ နယူးယောက်မြို့က နာမည်ကြီး New York Public Library ဟာ အလွန်နာမည်ကြီးပါတယ်။ ဒီစာကြည့်တိုက်တွေကို ပညာရှင်တွေ၊ ပါမောက္ခတွေ၊ ဆရာ၊ ဆရာမတွေတင်သာမက သာမန်လူတွေက အသုံးချနေတာ တွေ့ရပါတယ်။ စိတ်ဝင်စားတဲ့သူတိုင်း ဒီစာကြည့်တိုက်တွေကို အသုံးချနေတာ တွေ့ရပါတယ်။

ကျွန်တော်ယနေ့အထိ ဘွဲ့လွန်သင်တန်းတွေမှာ စာသင်နေပါတယ်။ ကျွန်တော့်ရဲ့ အတန်းတက်တဲ့သူတွေကို စာသင်ပြီးတဲ့အခါ တစ်ခုပဲ တောင်းဆိုပါတယ်။ ဒါကတော့ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို မြင်ဖူးတယ်ရှိအောင်သွားပါလို့။ အမှန်တော့ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ဟာ ကျက်သရေရှိလှပါတယ်။ ကံ့ကော်ပင်တွေအကြား ထည်ထည်ဝါဝါ အခုအချိန်အထိ ရပ်တည်နေပါတယ်။ ကျွန်တော်တာဝန်ယူတဲ့ စီးပွားရေးတက္ကသိုလ်ရဲ့စာကြည့်တိုက်ဟာလည်း ၁၉၆၀ ခုနှစ်များအတွင်း အရှေ့တောင်အာရှနိုင်ငံတွေအနက် အကောင်းဆုံးစာကြည့်တိုက်တစ်ခုအဖြစ် ရပ်တည်ခဲ့ပါတယ်။

ကျွန်တော် မကြာခဏပြောခဲ့တဲ့ အကြောင်းအရာတစ်ခုရှိပါတယ်။ ကျွန်တော်တို့အိမ်မှာ ညဘက်ရောက်လာရင် မြန်မာရုပ်ရှင်ဗီဒီယိုအခွေတွေငှားပြီး မိသားစုတစ်စုလုံးထိုင်ကြည့်ပါတယ်။ မြန်မာပြည်နဲ့ ဝေးနေခဲ့တာကြာလို့ ကိုယ့်နိုင်ငံအကြောင်း ကိုယ်သိအောင်လုပ်တာ ဖြစ်ပါတယ်။ ရုပ်ရှင်ထဲမှာ ကြွယ်ဝချမ်းသာတဲ့ မိသားစုတွေအကြောင်း မြင်ခဲ့ရပါတယ်။ အိမ်တွေကလည်း အကြီးကြီး၊ ကားတွေကလည်းအသစ်တွေ၊ ဧည့်ခန်းထဲမှာ ပရိဘောဂတွေကလည်း ကောင်းပေ့။ ဧည့်ခန်းထဲက ခန်းဆီးတွေ၊ လိုက်ကာတွေကလည်း လှလိုက်တာ။ ဒီကြီးကျယ်လှတဲ့ ဧည့်ခန်းထဲမှာ သရုပ်ဆောင်တွေက သူ့နေရာနဲ့သူ ပါဝင်ခဲ့ကြတယ်။

ထူးခြားမှုတစ်ရပ်က ဒီအခင်းအကျင်းထဲမှာ စာအုပ်စင်တစ်ခုမှ မရှိတာတွေ့ရတယ်။ ချမ်းသာမှုကို ပုံဖော်တဲ့နေရာမှာ စောစောကပြောသလို ရုပ်ဝတ္ထုပိုင်းဆိုင်ရာနဲ့ ပြသကြတယ်။ စာအုပ်စင်ရှိမရှိဟာ ပညာကို ဘယ်လောက်တန်ဖိုးထားမှုရှိသလဲဆိုတာကို ရည်ညွှန်းနေတယ်လို့ သုံးသပ်မိပါတယ်။ ဒါကြောင့် ကျွန်တော်တိုက်တွန်းချင်တာက ဆင်းရဲတာ၊ ချမ်းသာတာက အရေးမကြီးပါဘူး။ အရေးအကြီးဆုံးက လူတစ်ယောက်ရဲ့ တန်ဖိုးထားမှုဖြစ်ပါတယ်။ ပညာကိုချစ်တာ၊ မြတ်နိုးတာ၊ တန်ဖိုးထားတာနဲ့ တိုင်းထွာဖို့လိုတယ်လို့ ထင်မိပါတယ်။

အခုခေတ်မှာ နိုင်ငံတော်အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုတွေကြောင့် မီဒီယာလောကဟာ ပိုပြီးရှင်သန်လာပါတယ်။ ဂျာနယ်မျိုးစုံထုတ်လုပ်နေသလို နေ့စဉ်သတင်းစာတွေလည်း အများကြီး ဖြန့်ဖြူးမှုလည်းရှိပါတယ်။ ဖတ်စရာမရှိလို့ မဖတ်ဘူးဆိုတဲ့ ဆင်ခြေက မခိုင်လုံတော့ပါဘူး။ ဖတ်စရာတွေများလွန်းလို့ မဖတ်နိုင်တော့တာသာ ကြုံရမှာဖြစ်ပါတယ်။

စာမျက်နှာ ၁၀ သို့

ပန်းဘဲတန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူလူထုအခြေပြုရွှေ့လျားဆေးကုခန်းကို အောက်တိုဘာ ၁၁ ရက်တွင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ သံဃာတော်များ အပါအဝင် ပြည်သူများအား စမ်းသပ်ပြုစုကုသပေးစဉ်။ (မီးမီး)

## ဟားခါးခရိုင်တရားရုံးသစ် ဖွင့်ပွဲကျင်းပ

**ဟားခါး အောက်တိုဘာ ၂၇**

ချင်းပြည်နယ် ဟားခါးခရိုင် တရားရုံးသစ်ဖွင့်ပွဲကို ဟားခါးမြို့ ဈေးဟောင်းရပ်ကွက်၌ အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပရာ ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်ချုပ်၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ချီးမြှင့်သည်။

**လက်ခံ**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဟားခါးခရိုင် တရားရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ဟားခါးခရိုင် တရားသူကြီး ဦးအောင်ဝင်းကပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်နှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်းသိရသည်။

(ပြည်နယ် ပြန်/ဆက်)

# ခေတ်အေးပရဟိတသာသနာပြုကျောင်း ဒုတိယအကြိမ်မြောက် သက်ကြီးပူဇော်

**ဇေယျာသီရိ အောက်တိုဘာ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေး ကျေးရွာအုပ်စု နယ်စပ်ဒေသတိုင်းရင်း သားလူငယ်များ ဖွံ့ဖြိုးရေးပရဟိတ သာနသာပြုကျောင်း၏ ဒုတိယအကြိမ်

မြောက် အသက် ၈၀နှစ်အထက် သက်ကြီး အဘိုး၊ အဘွား ၉၁ ဦးတို့အား ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

ပူဇော်ကန်တော့ခံမည့် သက်ကြီး ဘိုးဘွားများမှာ ဇေယျာသီရိမြို့နယ် အတွင်းရှိ အင်းပင်ခုံ၊ တဲကုန်း၊ မယင်းကြီး၊ ခေတ်အေး၊ ရင်ခွဲပင်၊ အင်းတိန်၊ စက်ကုန်း၊ ဝင်ပြန်၊ ဝဲကြီး၊ သရက်ပင်၊ ကျောက်ခွက်၊ ရွှေမြို့၊ သပြေချောင်း၊ သံပရာကုန်းနှင့် ကျောင်းကုန်းကျေးရွာများမှ ဖြစ်ကြသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲတွင် ပါဝင်သူများအနက် အသက်အကြီးဆုံးမှာ အဘွားဒေါ်အေးခင် အသက် ၁၀၅ နှစ် ရှိပြီဖြစ်သည်။ **(ဓါတ်ပုံ)** ဒုတိယ အသက်အကြီးဆုံးမှာ အဘွားဒေါ်ရှင် အသက် ၁၀၃ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။

ခေတ်အေး နယ်စပ်ဒေသတိုင်း ရင်းသားလူငယ်များဖွံ့ဖြိုးရေး ပရဟိတ သာသနာပြုကျောင်းသည် မူကြိုမှ ပထမနှစ် အဝေးသင်ပညာရေးအထိ ကျောင်းသားကျောင်းသူ ၈၀ အပါ အဝင် မိဘမဲ့တိုင်းရင်းသား ရင်သွေး ငယ် ၉၁ ဦးအား စောင့်ရှောက်ထား လျက်ရှိပြီး အငယ်ဆုံးကလေးငယ်မှာ အသက်တစ်လခွဲအရွယ်သာ ရှိသေး ကြောင်း သိရသည်။

**အိမ်တိုင်ရာရောက်**

ယင်းသက်ကြီးပူဇော်ပွဲသို့တက် ရောက်ချီးမြှင့်နိုင်သည့် သက်ကြီးဘိုး ဘွားများရှိသကဲ့သို့ အခြေအနေ အရပ်ရပ်ကြောင့် မတက်ရောက်နိုင် သည့် သက်ကြီးဘိုးဘွားများကို လည်း အိမ်တိုင်ရာရောက် လိုက်လံ ကန်တော့မည်ဖြစ်ကြောင်း သိရ သည်။

**သတင်းနှင့်ဓာတ်ပုံ**
**ကိုကိုနေ**

ပြည်တွင်းသတင်း

# ဩစတြေးလျနိုင်ငံ၏ပညာရေးလေ့လာရန် မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၇**

Aus AID ၏စီစဉ်မှုဖြင့် ဩစတြေးလျနိုင်ငံ၏ ပညာရေးအစီအစဉ် များအား လေ့လာရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေါက်တာစိုးရင်၊ ပညာရေးဝန်ကြီးဌာနမှ ဒေါ်စုစုလွင်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသိန်းမြင့်၊ မြန်မာနိုင်ငံပညာရေးသုတေ သနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသိမ်းကြီးတို့ပါဝင် သော ပညာရေးကိုယ်စားလှယ်ရှစ်ဦးသည် ယမန်နေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွား သည်။

**အထောက်အကူပြု**

အဆိုပါ မြန်မာပညာရေးကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ လေ့လာကြမည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေးကိစ္စများ အပါအဝင် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေး ကဏ္ဍများဖော်ဆောင်ရာတွင် အထောက်အကူပြုမည့် လေ့လာရေးခရီးစဉ်ဖြစ် ကြောင်း သိရသည်။

**(သတင်းစဉ်)**

❐ **ရှေ့ဖုံးမှ**

ပြိုင်ပွဲဖွင့်ပွဲနေ့တွင် အကြိုလေ့ ကျင့်မှုအဖြစ် အမျိုးသား မီတာ ၅၀ ပစ္စတိုပစ်ခတ်မှုနှင့် ၁၀ မီတာ အမျိုး သမီး Air Pistol ပစ်ခတ်မှုများ ပြုလုပ် ကြသည်။ အောက်တိုဘာ ၂၈ ရက် တွင် မီတာ ၅၀ အမျိုးသားပစ္စတိုပစ် ပြိုင်ပွဲနှင့် အမျိုးသမီး ၁၀ မီတာ Air Pistol ပစ်ပြိုင်ပွဲများ ကျင်းပမည်ဖြစ် သည်။ ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် မီတာ ၅၀ Rifle Prone Men အကြိုလေ့ကျင့်မှုနှင့် ၁၀ မီတာ Air Pistol Men အကြိုလေ့ကျင့်မှုကို ဆက်လက် ပြုလုပ်မည် ဖြစ်သည်။

အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီတွင် မီတာ ၅၀ အမျိုးသား Rifle Prone ပစ်ပြိုင်ပွဲနှင့် ၁၀ မီတာ အမျိုးသား Air Pistol ပစ်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပြိုင်ပွဲကို နံနက် ၁၁ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အမျိုးသမီး မီတာ ၅၀ Rifle Prone ပစ်လေ့ကျင့်မှုနှင့် အမျိုးသမီး ၂၅ မီတာပစ္စတိုပစ်လေ့ကျင့် မှုတို့ ပြုလုပ်မည်ဖြစ်သည်။ အောက် တိုဘာ ၃၀ ရက် နံနက် ၉ နာရီတွင် အမျိုးသမီး မီတာ ၅၀ Rifle Prone ပစ်ပြိုင်ပွဲနှင့် အမျိုးသမီး ၂၅ မီတာ ပစ္စတိုပစ်ပြိုင်ပွဲတို့ကို ကျင်းပမည်ဖြစ် ပြီး နောက်ဆုံးဖိုင်နယ်အဆင့် ပြိုင်ပွဲ ကို မွန်းလွဲ ၂ နာရီ ၁၃ မိနစ်တွင် ကျင်းပမည်ဖြစ်သည်။ ယခုကျင်းပ လျက်ရှိသည့် ဆီးဂိမ်းအကြိုသေနတ်ပစ် Test Match ပြိုင်ပွဲတွင် ရွှေနှစ်ဆု၊ ငွေနှစ်ဆုနှင့် ကြေးတံဆိပ်နှစ်ဆုတို့ ချီးမြှင့်မည်ဖြစ်သည်။ ယခု ပြိုင်ပွဲဖွင့် ပွဲသို့(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး၊ မြန်မာ့ အားကစားအောင်နိုင်ရေး ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးသောင်းထိုက်နှင့် မြန်မာ နိုင်ငံသေနတ်ပစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထက်ညီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(မြန်မာ့အလင်း)**

# ဟော်ကီလက်ရည်စမ်းပွဲ မြန်မာက ထိုင်းကိုနိုင်

**ရန်ကုန် အောက်တိုဘာ ၂၇**

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲအကြို လက် ရည်စမ်းပွဲအဖြစ် မြန်မာနိုင်ငံဟော်ကီ အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အမျိုးသားဟော်ကီပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေ ၃ နာရီက သိမ်ဖြူ မြက်ခင်းတုဟော်ကီကွင်း၌ ကျင်းပ သည်။ **(ယာပုံ)**

**တက်ရောက်**

အခမ်းအနားသို့ (၂၇)ကြိမ် မြောက် အရှေ့တောင်အာရှ အားက စားပြိုင်ပွဲ အောင်နိုင်ရေးကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဝန်ကြီးများ၊ ဟော်ကီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်းနှင့် အမှုဆောင်များ၊ သံရုံးများမှ သံမှူးများ တက်ရောက်ကြသည်။

ထို့နောက် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး မြို့တော်ဝန် ဦးလှမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြ ပြီး ပြိုင်ပွဲဝင်အသင်းများအား လိုက် လံနှုတ်ဆက်၍ အမှတ်တရလက် ဆောင်များပေးအပ်ပြီး ပြိုင်ပွဲကျင်းပ ရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် အမျိုးသား ပဏာမလက်ရွေးစင်(က) အသင်းက ထိုင်းအသင်းကို ခြောက် ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**သတင်း-သန်းဆွေ(ပန်းဘဲတန်း)**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

❍ **ရှေ့ဖုံးမှ**

Virtue Land ကုမ္ပဏီနှင့် အကောင် အထည်ဖော်ဆောင်ရွက်ရန် လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနှင့် MoU ရေးထိုးပြီးဖြစ်သည်။

အဆိုပါ ကျောက်မီးသွေး စက်ရုံသည် တပ်ဆင်အင်အားမဂ္ဂါဝပ် ၃၀၀ ရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက လာမည့် ၂၀၁၅- ၂၀၁၆ ခုနှစ်တွင် ဓာတ်အားမဂ္ဂါဝပ် ၃၀၀ ရရှိနိုင်မည်ဖြစ်သည်။ ထိုသို့ ဓာတ်အားရရှိပါက လိုအပ်သော ဓာတ်အားအချို့ကို ယင်းကျောက်မီး သွေးဓာတ်အားပေးစက်ရုံမှ ရရှိသုံးစွဲ နိုင်မည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်(ကျောက်တန်း) ချောင်းဝကျေးရွာ မီးပြတိုက်အနီး ဝန်းကျင်တွင် ကျောက်မီးသွေးဓာတ် အားပေးစက်ရုံ စီမံကိန်းတစ်ခုတည် ဆောက်နိုင်ရေး လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ အစီအစဉ်ရှိနေသည်။

ယင်းကျောက်မီးသွေးစက်ရုံစီမံ ကိန်းကို Diamond Palace Service Co.,Ltd.နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး ဆွေးနွေးလျက်ရှိ သည်။ အဆိုပါ ကျောက်မီးသွေး စက်ရုံသည် တပ်ဆင်အင်အား ၅၀၀ မဂ္ဂါဝပ်ရှိမည်ဖြစ်ပြီး အကောင် အထည်ဖော် ဆောင်ရွက်နိုင်ပါက လာမည့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဓာတ်အားမဂ္ဂါဝပ် ၂၅၀ ခန့် ထုတ်ယူ သုံးစွဲနိုင်မည်ဖြစ်သည်။

ထိုသို့ ကျောက်မီးသွေးစက်ရုံ သစ်များမှ ဓာတ်အားမဂ္ဂါဝပ် ၈၀၀ ရရှိနိုင်ပါက နှစ်စဉ် ဓာတ်အားတိုး တက်သုံးစွဲမှုကို အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေရှိ သည်။ သို့သော် ဓာတ်အားသုံးစွဲမှု နှစ်စဉ် တိုးတက်နေသဖြင့် ဓာတ်အား လိုအပ်ချက်ရှိနေဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် နှစ်စဉ်ဓာတ် အားတိုးတက်သုံးစွဲမှုအရ ၂၀၁၃- ၂၀၁၄ ခုနှစ်တွင် ဓာတ်အားမဂ္ဂါဝပ် ၂၃၇၀၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဓာတ်အား ၂၈၄၄ မဂ္ဂါဝပ်၊ ၂၀၁၅- ၂၀၁၆ ခုနှစ်တွင် ၃၁၃၄ မဂ္ဂါဝပ် ကျော်တိုးတက် လိုအပ်နေမည်ဖြစ်ရာ ဓာတ်အား ဖြည့်ဆည်းနိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် လေ့လာရှာဖွေ သုတေသနပြုကာ ဆောင်ရွက်နေရ ဦးမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

❖ **ရှေ့ဖုံးမှ**

မြန်မာနိုင်ငံ၌ ကျင်းပမည့် အဆိုပါဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ နိုင်ငံလုပ်ငန်းရှင်များအနေဖြင့် တတ် စွမ်းသမျှ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ရန် ဘက်ပေါင်းစုံမှ သက်ဆိုင်ရာဌာနများ နှင့်ပူးပေါင်းပြီး အစဉ်ကြိုးပမ်းလုပ် ဆောင်ပေးလျက်ရှိသည်။ ယနေ့ ကျင်းပသည့် ဆီးဂိမ်းအထိမ်း အမှတ် လက်ဆောင်ပစ္စည်းပြပွဲကြီး သည် အားကစားဝန်ကြီးဌာနက ကြီးမှူးပြီး D2 Fashion က အခမ်း အနား အပြင်အဆင်ကအစဘက် ပေါင်းစုံမှ ပါဝင်ကူညီထောက်ပံ့ ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ပြပွဲကြီးသို့ မြန်မာ့အလင်း သတင်း အဖွဲ့အနေဖြင့် ဆီးဂိမ်းအထိမ်း အမှတ်လက်ဆောင် ပစ္စည်းပြပွဲ ကျင်းပရာ ရန်ကုန်မြို့မင်္ဂလာတောင် ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ပွဲရုံသို့ ပါဝင် ပူးပေါင်းလှုပ်ရှားသည့် ပြည် တွင်းလုပ်ငန်းရှင်များအား သွား ရောက် စေ့ငုမေးမြန်းဖြစ်ခဲ့သည်။

ရှေးဦးစွာ ပြပွဲကြီးဖြစ်မြောက်ရေး အတွက် အဓိကပါဝင်ဦးဆောင်သည့် အားကစားဝန်ကြီးဌာနမှ လက် ထောက်အင်ဂျင်နီယာ ဒေါ်စောနှင်းအား မေးမြန်းဖြစ်ခဲ့ရာ “ဒီပြပွဲဖွင့်လှစ်ရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ လာမယ့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းမှာ မြန်မာ နိုင်ငံရဲ့ ရိုးရာလက်မှုပညာအပါအဝင် ခေတ်မီပစ္စည်းတွေကို ဆီးဂိမ်းအမှတ် တရအနေဖြင့် ကမ္ဘာကသိအောင် ပြသရောင်းချပေးဖို့ လုပ်ဆောင်ခဲ့ တာ ဖြစ်ပါတယ်။ ဒီပြပွဲကြီးကို ပြည်တွင်းလုပ်ငန်းရှင် ၅၂ ဦးပါဝင် ပြသခဲ့ပါတယ်။ သူတို့တစ်တွေက ဒီပြပြီးတဲ့အချိန်ကစပြီး နိုင်ငံတစ်ဝန်း မှာရှိတဲ့ စတိုးဆိုင်တွေ၊ Show Room တွေ၊ စူပါမားကတ်ကြီးတွေကအစ ဆီးဂိမ်းအထိမ်းအမှတ် အနေဖြင့် စတင်ရောင်းချခွင့်ရရှိမှာ ဖြစ်ပါတယ်။

ဒေါ်စောနှင်း(လက်ထောက်အင်ဂျင်နီယာ) အားကစားဝန်ကြီးဌာန။

ဒီနေ့ပဲ သက်ဆိုင်ရာဝန်ကြီးဌာနက လည်း ဂုဏ်ပြုမှတ်တမ်းလွှာတွေ ထုတ်ပေးသွားမှာပါ”ဟု ရည်ရွယ်ချက် နဲ့ပတ်သက်ပြီးရှင်းပြခဲ့သည်။

ယင်းနောက် အဆိုပါပြပွဲကြီးကို ပူးပေါင်းပါဝင်ကူညီပံ့ပိုးမှုပေးခဲ့သည့် D2 Fashion မှ ကိုအောင် ကျော်ကျော်အား မေးမြန်းဖြစ်ခဲ့ရာ “ဒီပြပွဲကို အဓိကပါဝင်ကူညီတာက တော့ အခမ်းအနားအပြင်အဆင်က အစ အားလုံးကို ကူညီပံ့ပိုးပေးခဲ့ပါ တယ်။ အရင်ကလည်း ကျွန်တော်တို့ D2 Fashion က အားကစားဝန်ကြီး ဌာနနဲ့ပူးပေါင်းပြီး အထိမ်းအမှတ် အကျီကအစ၊ မျက်နှာသုတ်ပဝါအပါ အဝင်ငွေကျပ် သိန်းပေါင်း ၆၆၅ သိန်း ဖိုး လှူဒါန်းမှုပြုခဲ့ပြီးပါပြီ။ အခုလို နှစ်ပေါင်းလေးဆယ်ကျော်မှ ပြန်လည် ကျင်းပခွင့်ရခဲ့တဲ့ ဒီဆီးဂိမ်းနဲ့ပတ် သက်ပြီး နောင်ကိုလည်း တတ်အား သမျှ ပါဝင်လုပ်ဆောင်ပေးသွားမှာပါ။ အခုလည်း ပြည်တွင်းလုပ်ငန်းရှင် တွေ အခုလိုပါဝင်လုပ်ဆောင်လာတော့ နိုင်ငံအနေနဲ့လည်း ဂုဏ်ရှိတယ်။ သက်ဆိုင်ရာအတွက်လည်း ဝန်ထုပ် ဝန်ပိုးလျော့နည်းသွားပါတယ်။ ပါဝင် ကူညီခွင့်ရတဲ့ ကျွန်တော်တို့အနေနဲ့ လည်း ကိုယ့်နိုင်ငံသားတစ်ယောက် အနေနဲ့ အလွန်ဝမ်းသာပီတိဖြစ်မိပါ တယ်။ဒီဆီးဂိမ်းမှာ မြန်မာ့ရိုးရာ လက်ဆောင် ပစ္စည်းတွေသာမက ခေတ်မီလက်ဆောင်ပစ္စည်းတွေလည်း ပါတာမို့ ကမ္ဘာကိုဆီးဂိမ်းအမှတ် တရအနေဖြင့် ကမ္ပည်းရေးထိုးနိုင် မှာဖြစ်ပါတယ်” ဟု ဂုဏ်ယူစွာဖြင့် ရင်တွင်းပီတိစကားဆိုခဲ့သည်။

ဆက်လက်ပြီး အဆိုပါပြပွဲများကို ကမ္ဘာ့နိုင်ငံအနှံ့အပြားသို့သွားရောက် ပြသလျက်ရှိသည့် သီရိမြန်မာမှ ဦးမြင့်ထွေး (ခ) ဦးသာစုကလည်း

ပြပွဲတွင် ပါဝင်ကူညီပံ့ပိုးပေးသည့် ကိုအောင်ကျော်ကျော်။

“ကျွန်တော်က ဒီလိုပြပွဲတွေကို နိုင်ငံ အနှံ့အပြား သွားရောက်ပြသဖြစ် ပါတယ်။ ကျွန်တော် အဓိကပြသရောင်း ချတဲ့ပစ္စည်းတွေကတော့ မြန်မာ့ရိုးရာ အနုပညာနဲ့ ခေတ်မီတဲ့ ရွှေထည်၊ ငွေထည်နဲ့ ကြေးထည်တို့ကအစ ပါဝင် ပါတယ်။ ကျွန်တော်က ဒီအာဆီယံ နိုင်ငံတွေအပြင် အခြားနိုင်ငံတွေဖြစ်တဲ့ ဂျပန်၊အိန္ဒိယ၊ တရုတ်စတဲ့နိုင်ငံတွေ ကိုလည်း သွားရောက်ပြသခဲ့ပါတယ်။ အခုလို ကိုယ့်နိုင်ငံမှာ ကျင်းပတဲ့ ဒီလို ပွဲမျိုးမှာပါဝင်ခွင့်ရတာ အလွန်ဝမ်းသာ ပါတယ်။ ဒီ(၂၇)ကြိမ်မြောက်ဆီးဂိမ်းမှာ ပစ္စည်းတွေကတော့ အမျိုးအစားပေါင်း ၁၀၀၀ ဝန်းကျင်လောက် ရောင်းချပြသ သွားမှာပါ။ ဈေးနှုန်းတွေအနေနဲ့ ကတော့ အမျိုးမျိုးပါပဲ။ ငွေကျပ် ၁၀၀၀ တန်ဖိုးကနေ ကျပ်သိန်း ဂဏန်း တန်ဖိုးလောက်အထိ ပါပါ တယ်။ ဒီဆီးဂိမ်းမှာ စည်လည်းစည် ကားမှာပါ။ အောင်လည်း အောင်မြင် လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါ တယ်။ နိုင်ငံတော်အနေနဲ့လည်း ဒီပွဲ ကိုအတိုင်းထက်အလွန် အားပေးထား တဲ့အတွက် မျှော်မှန်းထားတာထက် ပိုပြီးအောင်မြင်မှာပါ” ဟု ဆီးဂိမ်းနှင့် ပတ်သက်၍ သူ၏ထင်မြင်ချက်ကို ပြောပြခဲ့သည်။

ယနေ့ကျင်းပသည့် အဆိုပါပြပွဲ ကြီးသည် ပြည်တွင်းလုပ်ငန်းရှင်ပေါင်း ၅၂ ဦးပါဝင်ပြသခဲ့ပြီး ယနေ့ပြပွဲပြီး ကာလမှစတင်၍ နိုင်ငံတော်က ဆီးဂိမ်း အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာ နှင့် ခေတ်မီလက်ဆောင်ပစ္စည်းများကို နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်ခန်း၊ ပြခန်းများတွင် တရားဝင်ရောင်းချပိုင် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သက်ဆိုင် ရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

**(မြန်မာ့အလင်း)**

ဆီးဂိမ်းလက်ဆောင်ပြပွဲကြီး၌ ခင်းကျင်းပြသထားသော ပစ္စည်းများ။

ပြည်တွင်းသတင်း

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် နယ်စပ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၇

ထမ်းပိုးတိုးချဲ့ရေးဝန်ကြီး ဦးအုန်းမြင့်သည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ... ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နယ်စပ်ဒေသ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်တွင် ... မြို့နယ်ရှိ ကျေးရွာများ၊ ... ကျေးရွာများ၊ ... ကျေးရွာများ ပြည်သူများ၏ ... လမ်းများ၊ ရေ၊ ... ဖွံ့ဖြိုးရေး ... များကို ကြည့်ရှုစစ်ဆေး၍ ... ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကြံစိုက်ပျိုးရာသီတွင် သုံးမြို့နယ်မှ ကြံစိုက်ခင်းများအောင်မြင်ဖွယ်ရှိ

မြေး အောက်တိုဘာ ၂၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်နှင့် ကျောက်တံခါးမြို့နယ် သုံးမြို့နယ်တွင် ၂၀၁၂-၂၀၁၃ ခုနှစ် ကြံစိုက်ပျိုးရာသီတွင် ကြံစိုက်တောင်သူများ စိုက်ပျိုးခဲ့ကြသည့် ကြံစိုက်ခင်းများမှာ မိုးလေ၊ မိုးရေ မှန်ကန်မှုကြောင့် ... ကြံစိုက်ခင်းများ အောင်မြင်ဖွယ်ရှိကြောင်း သိရသည်။ (ဆောင်းပါး)

၂၀၁၂-၂၀၁၃ ခုနှစ် ကြံစိုက်ပျိုးရာသီတွင် ဖြူးမြို့နယ်မှ ကြံစိုက်တောင်သူ ... ဦးတို့က ကြံစိုက်ဧက ၂၀၅၀ ဧက၊ ကျောက်ကြီးမြို့နယ်မှ ကြံစိုက်တောင်သူ ... ဦးတို့က ကြံစိုက်ဧက ... ဧက၊ ... မြို့နယ်မှ ကြံစိုက်တောင်သူ ... ဦးတို့က ကြံစိုက်ဧက ... ဧကဖြင့် စုစုပေါင်း သုံးမြို့နယ်တွင် ကြံစိုက်တောင်သူ ၂၀၆၆ ဦးတို့က ကြံစိုက်ဧက ... ဧက စိုက်ပျိုးခဲ့ကြပြီး ... ဧက အောင်မြင်ဖွယ်ရှိ၍ ... ကြံတန်ချိန်ပေါင်း ... တန်ခန့် ထွက်ရှိမည်ဖြစ်သည်ဟု ဖြူးမြို့နယ် ဒေသဆိုင်ရာ ... အကြံပေး ... ဆောင်ရွက်မှုများကြောင့် ... ရရှိမည်ဖြစ်သည်။

ဖြူးမြို့နယ် ဒေသခံ ... အောင်မြင်အကြံပေး ... ၂၀၁၃ ခုနှစ် ... ကြံတန် ... ၁၀၀၀၀၀ ... ဆောင်ရွက်ပေးလျက်ရှိသည်။ ကြံတန် ... ၂၀၁၃-၂၀၁၄ ခုနှစ် ကြံကြိတ်ခွဲရာသီတွင် ... ကြံကြိတ်ခွဲ ... ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဖြူဦး

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို Test Match အားကစားပြိုင်ပွဲများဖွင့်

ရန်ကုန် အောက်တိုဘာ ၂၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာအားကစား အဆင့်မြင့်ရေး ... ဒုတိယဝန်ကြီး ဦးသောင်းတိုး တက်ရောက်၍ ... ရန်ကုန်မြို့ SkyStar Hotel ၌ ကျင်းပသော " Graduation Ceremony of FIFA 11 For Health Course Jointly Conducted By FIFA and MFF" အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် နံနက် ၁၀ နာရီတွင် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ... ကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြို Test Match ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ... ဒုတိယဝန်ကြီး ဦးသောင်းတိုး ... အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ... အားကစားအဖွဲ့ချုပ် ... ဦးအောင်ထိုးက ... ပြိုင်ပွဲနှင့် ... ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ... ပြိုင်ပွဲဝင် အားကစားသမားများကို ... နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ... မီတာ(အမျိုးသားများ) ... မီတာ (အမျိုးသမီးများ) ... ပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ... ကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ... ပြိုင်ပွဲ ... ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ချေ၊ ဒုတိယဝန်ကြီး ... (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ... ကြည့်ရှုအားပေးကြသည်။

ညနေ ၃ နာရီခွဲတွင် ... ပြိုင်ပွဲ ... (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲအကြို Test Match ပြိုင်ပွဲ ... မြန်မာနိုင်ငံ ... ပြိုင်ပွဲ ... ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ချေ၊ ဒုတိယဝန်ကြီး ဦးသောင်းတိုးနှင့် ... (ဘောလုံး) ပြိုင်ပွဲဝင်အသင်းများ ... ကြည့်ရှုအားပေးကြသည်။

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အောက်ဖော်ပြပါ သဘာဝဘေးအန္တရာယ် အသိပညာပေး ရောင်စုံလက်ကမ်းစာစောင်နှင့် ရောင်စုံနံရံကပ်ပိုစတာများအား (ရိုးရိုးစက္ကူ သို့မဟုတ် ကြွေစက္ကူ)ထုတ်ဝေလိုပါသဖြင့် ထုတ်လုပ်ပေးနိုင်မည့်ဈေးနှုန်းကို နမူနာ(၂)စုံစီနှင့်အတူ အိတ်ဖွင့်တင်ဒါလာရောက်ပေးသွင်းနိုင်ပါသည်-

(က) မြန်မာဘာသာဖြင့် လက်ကမ်းစာစောင် ၁၂၀၀၀ ရွက်စီ
(မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေး)

(ခ) ကချင်ဘာသာဖြင့် လက်ကမ်းစာစောင် ၁၀၀၀ ရွက်စီ
(မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေး)

(ဂ) မြန်မာဘာသာဖြင့် နံရံကပ်ပိုစတာ ၂၅၀၀ ရွက်စီ
(မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေး)

၂။ **တင်ဒါပုံစံဝယ်ယူရမည့်ရက်** - ၂၉-၁၀-၂၀၁၃ရက်မှ ၈-၁၁-၂၀၁၃ရက်အထိ ရုံးချိန်အတွင်းတင်ဒါတစ်စောင်လျှင် ၅၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံနှင့်လက်ကမ်းစာစောင်/ နံရံကပ်ပိုစတာနမူနာပုံစံများ ထုတ်ယူရမည့်နေရာ** - သင်တန်းဌာနခွဲ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ် ၂၃၊ နေပြည်တော်

၄။ **တင်ဒါသွင်းရမည့်ရက်** - ၁၃-၁၁-၂၀၁၃ရက် နောက်ဆုံးထား၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ် ၂၃၊ နေပြည်တော်သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၅။ **ဆက်သွယ်ရမည့်ဖုန်း** - အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၁၁၄၊ ၀၆၇- ၄၀၄၄၂၀၊ ၀၆၇-၄၀၄၃၆၉အား ဆက်သွယ်နိုင်ပါသည်။

**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**



**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်)တွင် အောက်ဖော်ပြပါပရိဘောဂ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|---|---|
| (က) | Computer Table | (၂၀)လုံး | (ဂ) | ပလတ်စတစ်ထိုင်ခုံ(လက်တန်းပါ) | (၂၀)လုံး |
| (ခ) | Notice Board(၆ပေ×၄ပေ) | (၁)ခု | (ဃ) | ဖိုင်တင်စင်(၃ပေ×၁ပေ×၃ပေ) | (၂)ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၅-၁၁-၂၀၁၃ ရက် ၁၆း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်)၊ ရုံးဖုန်း- ၀၅၃-၂၈၆၄၇ နှင့် ၀၉-၃၁၂၂၆၅၁၀ တို့တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်)**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့၏မြောက်ဘက်(၁၂)မိုင်ခန့်အကွာ၊ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း၏ လမ်းဖောက်လုပ်ခြင်းလုပ်ငန်း (၅မိုင်၅ဖာလုံ)အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၁၁-၁၁-၂၀၁၃ရက်၊ ၁၆း၃၀နာရီ
Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက် - ၁၈-၁၁-၂၀၁၃ရက်၊ ၁၆း၃၀နာရီ

၃။ Technical အောင်မြင်သည့် လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန်ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်(စ်)-၀၆၇-၄၁၀၄၃၁**

# ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## ဒေသခံများအိမ်သုံးမီတာပိုမိုလျှောက်ထားလာ

**မလှိုင် အောက်တိုဘာ ၂၇**

မလှိုင်မြို့နယ်ရှိ ဒေသခံနေအိမ်အများစုမှာ ယခင်က မီးမရရှိသေးသော်လည်း ယခုအခါ ကျေးလက်များပါမကျန် မီးအလင်းရရှိနေပြီဖြစ်သည်။ လျှပ်စစ်မီးရရှိမှုနှင့် မီတာလျှောက်ထားမှု မီတာဝန်ဆောင်ခများအား မလှိုင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးကျော်စိုးဝင်း အငယ်တန်းအင်ဂျင်နီယာ(၂)က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အောက်တိုဘာ ၁ ရက်မှ စတင်၍ မီတာဝန်ဆောင်ခကို ငွေကျပ် ၅၀၀ဟု စာထွက်ရှိပြီးသည့်နောက် မလှိုင်မြို့နယ်ရှိ ဒေသခံပြည်သူအများစုမှာ အိမ်သုံးမီတာကို ယခင်ထက် ပိုမိုလျှောက်ထားလာသည်ကို တွေ့ရသည်။

စက်တင်ဘာလကုန်အထိ မီတာတပ်ဆင်ပြီး ၃၈၄ ဦးရှိပြီး အောက်တိုဘာလပိုင်းအတွင်း၌လည်း မီတာလျှောက်ထားသူများ ပိုမိုများပြားလာကြောင်း သိရသည်။ "ကျေးလက်ဒေသမီးလင်းရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးကူညီမှုတွေနဲ့ ကိုယ့်အားကိုယ်ကိုး မီးလင်းရရှိခဲ့တော့ အိမ်သုံးမီတာကို အမြန်ဆုံးလာရောက်လျှောက်ထားကြတယ်"ဟု မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်စိုးဝင်းက ပြောသည်။

**ကျော်ကျော်(မလှိုင်)**

## လေးနိုင်ငံချစ်ကြည်ရေးကားမောင်းပြိုင်ပွဲအဖွဲ့ လေ့ကျင့်မှုတွင် ရဲတပ်ဖွဲ့က ကူညီဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၇**

အောက်တိုဘာ ၂၃ ရက် ညနေ ၅ နာရီက မကွေးတိုင်းဒေသကြီး ပုလဲ-ဂန့်ဂေါကားလမ်း မိုင်တိုင် အမှတ် (၆၇/၃-၄)ကြား၊ တမူးမြို့မှ မောင်းနှင်လာသော တင့်တိုင်းအောင်ခရီးသည်တင်မှန်လုံယာဉ်သည် လမ်းချော်ပြီး လမ်းပေါ်၌ ကန့်လန့်ဖြတ်ပိတ်ဆို့နေသဖြင့် မလေးရှား၊ ဘရူနိုင်း၊ စင်ကာပူ၊ ဩစတြေးလျ လေးနိုင်ငံ ချစ်ကြည်ရေးကားမောင်းပြိုင်ပွဲအတွက် အိန္ဒိယနိုင်ငံဘက်မှ အစမ်းလေ့ကျင့်မောင်းနှင်လာသော နိုင်ငံခြားသား ၅၀ ပါ ယာဉ်ငယ် ၂၃ စီး လမ်းပိတ်မိနေကြောင်း သတင်းအရ ပုလဲမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရွှေအုပ်စုကုမ္ပဏီလုံခြုံရေးဝန်ထမ်းများက သွားရောက်ရှင်းလင်းပေးခဲ့ရာ ညနေ ၆ နာရီတွင် ရှင်းလင်းပြီးစီးခဲ့သဖြင့် ၎င်းယာဉ်တန်းသည် ည ၉ နာရီတွင် ပုလဲမြို့နယ် ခင်အေးကျေးရွာ၊ ည ၁၁ နာရီတွင် ပုလဲမြို့၊ ည ၁၁ နာရီ ၄၅ မိနစ်တွင် ယင်းမာပင်မြို့၊ အောက်တိုဘာ ၂၄ ရက် နံနက် ၀၀း၁၅ နာရီတွင် မုံရွာမြို့နှင့် နံနက် ၁ နာရီ မိနစ် ၄၀ တွင် ချောင်းဦးမြို့များသို့ ဖြတ်သန်းပြီး ချောင်းဦး-ပခုက္ကူကားလမ်းအတိုင်း ပခုက္ကူမြို့ဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဟောပြော

**ခန္တီး အောက်တိုဘာ ၂၇**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးနှင့်ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ခန္တီးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ခန်းမ၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌဦးထွန်းထွန်းနိုင်ကအမှာစကားပြောကြားပြီး မြို့နယ်တရားသူကြီးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်သော ပြစ်မှု၊ ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲမှူးနေဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထင်ကျော်က ဗို့တာဝန်အရေးသုံးပါးကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကောလင်းတွင် တရားမဝင် သယ်ဆောင်လာသော ကျွန်းသစ်များဖမ်းမိ

**ကောလင်း အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဒိုးပင်ကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာသွား ကားလမ်းမပေါ်တွင် ခရီးသည်တင်ကားဖြင့် တင်ဆောင်လာသော တရားမဝင်သစ်များ ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၅ ရက် နံနက် ၀၀း၃၀ နာရီက ကသာခရိုင်မှ ဒုရဲအုပ်အောင်မျိုးထိုက်နှင့်အဖွဲ့၊ ခံသာရဲစခန်းမှူး ဒုရဲအုပ်သန်းဇော်နှင့် သစ်တောဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ယာဉ်မောင်း မျိုးဇော်မောင်းနှင်လာသော ခရီးသည်တင်ယာဉ် ဘ/. . . ပေါ်တွင် တရားမဝင်ကျွန်းသစ်ခွဲသားဆိုက်စုံ ၁၅၇ ချောင်း (၂ ဒသမ ၁၄၄၂) တန်ကို တွေ့ရှိဖမ်းဆီးရမိသည်။

အဆိုပါ အမှုနှင့်ပတ်သက်၍ ယာဉ်မောင်းမျိုးဇော်(၃၂ နှစ်) မင်းကုန်းကျေးရွာ ရွှေဘိုမြို့နယ်နေသူပါ လေးဦးကို ကောလင်းမြို့နယ်ရဲစခန်းမှ သစ်တောဥပဒေ ပုဒ်မ၄၃(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၀၉၂)**

## စာဖတ်ရှိန် မြှင့်တင်ရေး ဟောပြော

**မြိုင် အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့သည် အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ ခန်းမ၌ အရန်သားဖွား သင်တန်းသူ ၂၅ဦးတို့ကို စာပေလေ့လာဖတ်ရှုခြင်းအားဖြင့်ဗဟုသုတရရှိစေပြီး စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**(၁၃၅)**

## နေပြည်တော် ပျဉ်းမနားညောင်ပင်လှကျေးရွာ မီးလင်းပြီ

**နေပြည်တော် အောက်တိုဘာ ၂၇**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ညောင်ပင်လှကျေးရွာ ကျေးရွာဓမ္မာရုံ ပရဝဏ်၌ အောက်တိုဘာ ၂၄ ရက် ညနေ ၅ နာရီခွဲက ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးဖွင့်ပွဲအခမ်းအနားကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမှတ်ကြီး၊ ရွာသစ်ကျေးရွာဒိုင်နယ်အုပ်ချုပ်ရေးမှူးဦးမြင့်သိန်း၊ မီးလင်းရေးကော်မတီဥက္ကဋ္ဌနှင့်ကျေးရွာရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမှတ်ကြီးက ညောင်ပင်လှကျေးရွာအတွင်း အိမ်ခြေ ၆၀ ကျော်မှာ လက်လုပ်လက်စားများဖြစ်သော်လည်း ကိုယ့်အားကိုယ်ကိုးကြိုးစား၍ လုပ်ဆောင်သဖြင့် အလွန်ဝမ်းသာကြောင်း၊ မီးလင်းရေးကော်မတီကလည်း ကြိုးစားဆောင်ရွက်သဖြင့် ဂုဏ်ယူပါကြောင်း၊ လမ်းမီးများအပြင် အိမ်မီးများကိုလည်း ထွန်းညှိနိုင်အောင် ဆက်လက်ကြိုးစားဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ထို့နောက်100 KVထရန်စဖော်မာကို ရွာသစ်ကျေးရွာ ဒိုင်နယ်အုပ်ချုပ်ရေးမှူး၊ ညောင်ပင်လှ ကျေးရွာလူမှုဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** စုစုပေါင်း ကုန်ကျငွေမှာ ငွေကျပ်သိန်း၂၀၀ဖြစ်ကြောင်း သိရသည်။

**ကိုကြီးကျော်**

## ဆိုင်ကယ်ဦးထုပ်မဆောင်းဘဲ စီးနင်းသည့်လိုင်စင်မဲ့ဆိုင်ကယ်များ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အရေးယူမည်

**ကလေး အောက်တိုဘာ ၂၇**

ကလေးမြို့နယ်အတွင်း သွားလာစီးနင်းနေကြသော ဒေသခံပြည်သူများအနေဖြင့် ဆိုင်ကယ်မောင်းနှင်စီးနင်းရာတွင် ဆိုင်ကယ်စီးဦးထုပ်ဆောင်း စီးနင်းရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကော်မတီကအသိပေးကြေညာ၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ စည်းကမ်းလိုက်နာမှုအားနည်းသည့် ဆိုင်ကယ်ဦးထုပ်မဆောင်းဘဲမောင်းနှင်သည့် လိုင်စင်မဲ့ဆိုင်ကယ်များကို ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပါဆိုပြီး ရပ်ကွက်များအတွင်း ပညာပေးအနေနဲ့ လိုက်လံကြေညာထားကြောင်း၊ အစတုန်းကတော့ ဦးထုပ်မဆောင်း၍မိရင် ဆိုင်ကယ်ကို ရဲစခန်းက ခေတ္တသိမ်းပြီး တရားရုံးမှာဒဏ်ငွေ ဆောင်ခိုင်းကြောင်း၊ ယခုတော့ ဦးထုပ်မဆောင်းဘဲ စီးလျှင် ပို့ကုန်သွင်းကုန်ဥပဒေနှင့်အမှုဖွင့်ပြီး အရေးယူနေကြောင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

ကလေးမြို့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကားနှင့် ဆိုင်ကယ်စီးနင်းသူများပြားလာပြီး ထိုသို့စီးနင်းရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းသောကြောင့် ယာဉ်တိုက်မှုများလည်း မကြာခဏဖြစ်ပွားနေကြောင်း၊ ထိုသို့ယာဉ်တိုက်မှုဖြစ်ပွားရာတွင် လူသေဆုံးမှုများပါ ရှိနေသောကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများ လျော့ကျစေရန်ရည်ရွယ်၍ ကြပ်မတ်လျက်ရှိသော်လည်း ဒေသခံပြည်သူများမှာ စည်းကမ်းလိုက်နာမှု အားနည်းနေသေးကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

**သျှင်နေမင်း**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး မြိတ်မြို့၌ ရှောင်တခင်စစ်ဆေး

**မြိတ် အောက်တိုဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အတွင်းယာဉ်စည်းကမ်းလမ်းစည်းကမ်းများကို စနစ်တကျ လိုက်နာစေရေး၊ ယာဉ်မတော်တဆတိုက်ခိုက်မှုများ၊ ဒဏ်ရာရသေဆုံးသူများ လျော့နည်းပပျောက်စေရေးနှင့်ယာဉ်မတော်တဆမှုများ ကျဆင်းရေးအတွက် အမှတ်(၅၂) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ရဲအုပ်မောင်မျိုးနှင့်တပ်ဖွဲ့ဝင်များ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (မြိတ်)တို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိထားဝယ်စုရပ် အိုသပြေလမ်းဆုံတွင် ယာဉ်လိုင်စင်၊ ယာဉ်မောင်း

လိုင်စင်များစစ်ဆေးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းထားခြင်းရှိမရှိ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်းသိရသည်။ **မိုးဟိန်း(မြိတ်)**

---

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### လျှပ်စစ်စွမ်းအားဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဦးစီးဌာနတွင် အသုံးပြုရန် 110CC မော်တော်ဆိုင်ကယ်(၁၂)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | |
|---|---|
| **တင်ဒါပုံစံ ရောင်းချမည့်ရက်** | - ၂၈-၁၀-၂၀၁၃ရက် |
| **တင်ဒါပိတ်မည့်ရက်၊ အချိန်** | - ၁၁-၁၁-၂၀၁၃ရက် (၁၂း၀၀)နာရီ |
| **တင်ဒါဖွင့်ရက်၊ အချိန်** | - ၁၁-၁၁-၂၀၁၃ရက် (၁၄း၀၀)နာရီ |
| **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - လျှပ်စစ်စွမ်းအားဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော် |

၂။ တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကို လျှပ်စစ်စွမ်းအားဦးစီးဌာန ဖုန်း-၀၆၇-၄၁၀၂၂၀၊ ၀၆၇-၄၁၀၂၆၀တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းဝယ်ယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**လျှပ်စစ်စွမ်းအားဦးစီးဌာန**

---

### ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
### မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများအား ဌာန(ရန်ကုန်)အရောက်ပို့စနစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများ | ၃၄ မျိုး |

၂။ အိတ်ဖွင့်တင်ဒါများကို ၇-၁၁-၂၀၁၃ ရက် (ကြာသပတေးနေ့) ညနေ ၁၅း၀၀ နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်၊ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၃၄၃၃**

---

### လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ အောက်ပါဌာနများမှ အသုံးပြုရန်လိုအပ်သော (စာရေးကိရိယာပစ္စည်းများ၊ ကွန်ပျူတာများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာထိုင်ခုံများ၊ Air Conditioner၊ တာယာ၊ ဘက်ထရီ၊ စက်ဆီချောဆီများ)နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ [Internet Conection System၊ ထွန်၊ ထယ်၊ ထွန်စက်ဘီး၊ မျိုးစေ့ချ ကိရိယာ၊ အခြောက်ခံစက်၊ ကောက်စိုက်စက်၊ (22)HP လက်တွန်းထွန်စက်၊ Thresher With Engine၊ Water Pump With Engine] များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ (အမှိုက်ပုံးကြီး၊ ဘီးပါ၊ လက်တွန်းပါ)၊ အမှိုက်ပုံး(လတ်)၊ အမှိုက်ပုံး(သေး)၊ တာယာ၊ ဘက်ထရီများ၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနမှ (ရုံးသုံးပရိဘောဂပစ္စည်းများ)အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါစတင်ရောင်းချမည့်ရက်** | - ၁-၁၁-၂၀၁၃ရက် |
| (ခ) | **တင်ဒါပိတ်မည့်ရက်** | - ၂၉-၁၁-၂၀၁၃ရက် |
| (ဂ) | **တင်ဒါပိတ်မည့်အချိန်** | - မွန်းတည့် ၁၂နာရီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာများတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးရုံး | ရုံးအမှတ်(၁၅)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၀၉၄ |
| (ခ) | စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန | ရုံးအမှတ်(၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၁၁၇ |
| (ဂ) | စိုက်ပျိုးရေးဦးစီးဌာန | ရုံးအမှတ်(၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၅၁၅ |
| (ဃ) | ဆည်မြောင်းဦးစီးဌာန | ရုံးအမှတ်(၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၃၁၇ |
| (င) | ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန | ရုံးအမှတ်(၁၅)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၁၂၉ |
| (စ) | စက်မှုလယ်ယာဦးစီးဌာန | ရုံးအမှတ်(၅၀)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၁၂၁၉ |
| (ဆ) | စိုက်ပျိုးရေးသုတေသနဦးစီးဌာန | ရေဆင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၅၉၂ |
| (ဇ) | ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | ရေဆင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၆၈၆ |

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

### ကျေးလက်ဒေသလျှပ်စစ်မီးနှင့်သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများအတွက် အလှူငွေများ လှူဒါန်းနိုင်ပါရန်
## နှိုးဆော်ခြင်း

- ငွေကိုမလို ရေသာလိုသည့် ကျေးရွာများအတွက် ရေလှူဒါန်းနိုင်ပါသည်။ ရေအကျိုး (၁၀)ပါး မတောင်းဘဲ ပြည့်နိုင်ပါသည်။
- ပညာလိုလား ကြိုးစားနေပြီး အမှောင်ထဲက ကျေးရွာသား ရင်သွေးငယ်များအတွက် ပညာအလင်းရရန် ပညာအလင်း ဆိုလာ၊ မီးအိမ်များ လှူဒါန်းနိုင်ပါသည်။
- ရေလှူဒါန်းခြင်းအတွက် ကောင်းမှုစေတနာ၊ မီးအလင်းလှူဒါန်းခြင်းအတွက် ကောင်းမှုစေတနာပွားများနိုင်ရန် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ထောက်ပံ့ကူညီ လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။
- စေတနာရှင်ပြည်သူအလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

**ကျေးလက်ဒေသလျှပ်စစ်မီးနှင့် သောက်သုံးရေ ရရှိရေးကော်မတီ**
**ဖုန်း-၀၆၇-၄၀၉၃၆၀၊ ၀၆၇-၄၀၈၂၇၀**

---

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အနောက်သပြေကုန်းရပ်ကွက်၊ မကျီးကုန်းအပြင်လမ်းနေ ဦးမောင်မောင် ၇/သဝတ(ပြ)၀၀၀၀၀၇နှင့် ဒေါ်ခင်ဝါလတ် ၁၀/မလမ(နိုင်)၀၁၇၂၇၈တို့၏သမီး မအေးမြမြဖူး ၇/သဝတ(ပြ)၀၀၀၀၃၇သည် မိဘများကို အရှက်တကွဲအကျိုးနည်း၊ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုမူဆောင်ရွက်ပြီး ၂၄-၉-၂၀၁၃ ရက်တွင် နေအိမ်မှ မိမိသဘောအတိုင်းဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်း၏ကိစ္စအရပ်ရပ်အပေါ် လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်၊ ဒေါ်ခင်ဝါလတ် (မိဘများ)**

# ဖျာပုံမြို့ဆရာဇော်ဂျီစာကြည့်တိုက်

မျက်မှောက်ကာလသည် သိပ္ပံနှင့်နည်းပညာရပ်များ အံ့မခန်း တိုးတက် ဖြစ်ထွန်းမှုများကြောင့် ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအားလုံးကို တွင်ကျယ် လွှမ်းမိုးပိုင်းဖြစ်လာနေသည်။ ပညာခေတ်သို့ရောက်ရှိနေပြီဟု ပညာရှင်အားလုံးကအသိအမှတ်ပြုထားပြီး ဖြစ်သည်။

သို့အတွက်နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြင့်မားစေရေး ဘက်စုံမြှင့်တင်ဆောင်ရွက်လျက်ရှိနေသည်။ နိုင်ငံသူနိုင်ငံသားများကို အသိပညာ ဗဟုသုတရရှိစေရေးအတွက် ရုပ်သံအစီအစဉ်များ တိုးချဲ့ထုတ်လွှင့်ပေးနေခြင်း၊ စာကြည့်တိုက်များဒေသအသီးသီးတွင် ဖြစ်ပေါ်လာစေရေး စာပေရေချမ်းစင်များ စီစဉ်ဆောင်ရွက်ပေးနေခြင်းတို့နှင့်သတင်းစာ၊ ဂျာနယ်နှင့် စာနယ်ဇင်းအသီးသီးတို့ကို ပွင့်လင်းလွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ပေးခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိနေသည်။

စာရေးသူတို့ မြို့တွင်လည်း မြို့သူမြို့သားများအသိပညာဗဟုသုတရရှိစေရေးအတွက် ရည်ရွယ်တည်ဆောက်ထားသည့် စာကြည့်တိုက်များအလယ်တွင် ကောင်းသတင်းကြွယ်နေသည့် ဖျာပုံမြို့က ဆရာဇော်ဂျီစာကြည့်တိုက်ကို စံထားအတုယူဖွယ်ရာအဖြစ် တင်ပြလိုပါသည်။

ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်ကို ၂၀၀၈ ခုနှစ် ဧပြီ ၅ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ ငါးနှစ်တာကာလအတွင်း ထာဝရ ငွေပဒေသာပင် ငွေကျပ် သိန်းနှစ်ရာ စိုက်ထူနိုင်ခဲ့သည်။ ဘာသာရပ်စုံ၊ သုတ ရသ လုံးချင်း စာအုပ် ၁၅၀၀ ကျော်စုဆောင်းထားနိုင်ခဲ့ပြီး အသင်းဝင်၂၇၀၀ကျော်ရှိနေကြောင်း သိရသည်။

စာကြည့်တိုက်ကို နေ့စဉ်မွန်းလွဲ ၂ နာရီမှ ည ၈ နာရီခွဲအထိ (ပိတ်ရက် မရှိ)ဖွင့်လှစ်ထားရှိပြီး နေ့စဉ်စာအုပ်ငှားရမ်းသူပျမ်းမျှဦးရေ ၁၅၀ နှင့်စာနယ်ဇင်းလာရောက် ဖတ်ရှုသူ ၁၅၀ ကျော်တို့ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

စာကြည့်တိုက် အရှိန်ရလာမှုအပေါ် စာကြည့်တိုက်အတွင်း စာလာဖတ်သူ၊ စာအုပ်ငှားရမ်းသူများများပြားလာရာ နေရာကျဉ်းတည်းမှုနှင့် ဆည်းမှုများ ကြုံတွေ့နေရသည့်အတွက် အသိပညာပေး ဖျော်ဖြေရေးအစီအစဉ်များ ပြုလုပ်ပေးနိုင်ခြင်း မရှိကြောင်းနှင့် အသင်းဝင်အများစုက စာအုပ်ငှားလုပ်ငန်းအပြင် အခြားပညာရေး အစီအစဉ်များကို တိုးချဲ့လုပ်ဆောင်ပေးရန် ဆန္ဒရှိနေကြကြောင်း စာကြည့်တိုက်ကော်မတီများထံက ကြားသိရသည်။

ဖျာပုံမြို့ ဆရာဇော်ဂျီစာကြည့်တိုက် တိုးချဲ့ခန်းမဆောင်သစ် ပုံစံ။

အသင်းဝင်များဆန္ဒနှင့်အညီ စာကြည့်တိုက်ဝင်းအတွင်း မြေကွက်လပ်၌ အလျားပေ ၈၀၊ အနံ ၃၅ ပေ၊ အမြင့် ၁၅ ပေရှိ ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်းလေးရာခန့် ကုန်ကျမည့် တစ်ထပ်တိုးချဲ့ဆောင်သစ်တစ်ဆောင်ကိုမေလလယ်က ဆောက်လုပ်ခဲ့ရာတည်ဆောက်မှုလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ လူငယ်များ စာပေအသိပညာဗဟုသုတ စွမ်းရည်တိုးတက်စေရေးနှင့် စာဖတ်ရှိန် တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ စာဖတ်ဝိုင်းများပြုလုပ်ရန်၊ လူငယ်များအနေဖြင့် ပညာရေးဆိုင်ရာ နယ်ပယ်အသီးသီးမှ ပညာရှင်ပုဂ္ဂိုလ်များနှင့်ထိတွေ့နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ပေးရန်နှင့် ရန်ကုန်မြို့သို့သွားရောက်၍ ပညာမရှာနိုင်သည့် လူငယ်များအတွက် ကွန်ပျူတာ၊ စာရင်းကိုင်၊ အင်္ဂလိပ်ဘာသာ စကားစသည့် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများနှင့်အခြားဘာသာရပ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောက်လုပ်ခြင်းဖြစ်သည်။

တိုးချဲ့ခန်းမဆောင်သစ်ဆောက်လုပ်ပြီးစီးပါက ဖျာပုံမြို့နယ်ရှိကျောင်းသားလူငယ်များ၊ ဘွဲ့ရလူငယ်များ၊ စာပေမွေ့လျော်သူများနှင့် စာဖတ်ပရိသတ်များစသည့် နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များအားလုံး အကျိုးခံစားခွင့်ရရှိစေမည်ဖြစ်သည့်အတွက် ခန်းမဆောင်သစ်အမြန်ဆောက်လုပ်ပြီးစီးနိုင်ရေး အကြံဉာဏ်နှင့်ငွေအားတို့ ဝိုင်းဝန်းကူညီ ဆောင်ရွက်မှုများ လိုအပ်လျက်ရှိနေကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**



## ဒိုက်ဦးမြို့မဈေးကြီး မီးဘေးကာကွယ်ရေးသရုပ်ပြလေ့ကျင့်

**ပဲခူး အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးကာကွယ်ရေးသရုပ်ပြလေ့ကျင့်ခြင်းနှင့် ရေစက်များကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်ခြင်းကို အောက်တိုဘာ ၂၂ ရက်က အဆိုပါဈေးကြီးအတွင်း၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၆၅၀ ဆံ့မီးသတ်ကားနှစ်စီး၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှ ရေဂါလန် ၁၂၀၀ ဆံ့မီးသတ်ကားတစ်စီး၊ ဂါလန် ၄၀၀ ဆံ့အပေါ့စားရေစုပ်စက်၊ ရေပက်ကား တစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေဂါလန် ၆၀၀ ဆံ့ရေသယ်ယာဉ်တစ်စီးတို့ဖြင့် အသုံးပြုကာ သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။ ထို့အပြင် မြို့မဈေးအတွင်းရှိ ရေငုတ်များ၊ ရေစက်များမှ ရေပက်ဖျန်းနိုင်မှု၊ ရေဖြန့်ဝေနိုင်မှု၊ စက်များကြံ့ခိုင်မှုရှိစေရန်တို့ကိုပါ စုပေါင်းဆောင်ရွက်ခဲ့ကြပြီး မြို့မဈေးကြီးအတွင်းရှိ အထည်ရုံအမှတ်(၁)နှင့် ကုန်ခြောက်ရုံအမှတ်(၂) ကြားတို့တွင် မီးသတ်ကားများ၊ ဈေးအတွင်းရှိ မီးသတ်ရေငုတ်များနှင့် သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

မီးဘေးအန္တရာယ်ကာကွယ်ရန် သရုပ်ပြရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိတို့က **(အောက်ပုံ)** ကြီးကြပ်ပြီး မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မဈေးအကျိုးဆောင်အဖွဲ့နှင့်ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအတွင်း အပြင်နှင့်မင်းလမ်း၊ ကုန်သည်လမ်း၊ ဈေးတောင်ဘက်လမ်းတို့တွင်ပါ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ဆေးစိမ်ခြင်ထောင်များ ပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ဒေသခံပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ငှက်ဖျားရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့နှင့်အလှူရှင်များ လှူဒါန်းပေးသော ဆေးစိမ်ခြင်ထောင်နှင့် ဆေးစိမ်ဆေးပြား ပေးအပ်လှူဒါန်းခြင်းနှင့်ဆေးစိမ်ပုံလက်တွေ့ သရုပ်ပြသခြင်းအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီက အမှတ်(၆)ရပ်ကွက် မကွေးပန်းခြံဓမ္မာရုံ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များသည် ဒေသခံပြည်သူများအား ဆေးစိမ်ပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြခြင်း၊ **(အောက်ပုံ)** ဆေးများဖြန့်ဝေပေးခြင်းနှင့်ဆင်းရဲနွမ်းပါးသူမိသားစုများကို ဆေးစိမ်ခြင်ထောင်များ ထောက်ပံ့ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **(၁၆၆)**

## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**ရမ်းဗြဲ အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း(၄/၂၀၁၃) ဖွင့်ပွဲကို အောက်တိုဘာ ၁၅ ရက်က အဆိုပါမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး ရမ္မာဝတီခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ ၅၇ အုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားနှင့် အဆိုပါလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ဟောပြောခြင်းအပါအဝင် ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးဆိုင်ရာတွင် နိုင်ငံရေးအမြင်သိထားရန် လိုအပ်ချက်များနှင့် ဤသင်တန်းကို အစအဆုံးသတ်မှတ်ချက်အချိန်အတိုင်း စိတ်ဝင်တစား တက်ရောက် သင်ကြားမှတ်ယူကြရန်၊ မိမိအုပ်စုများသို့ ပြန်လည်ရောက်ရှိသောအခါတွင်လည်း တရားဥပဒေစိုးမိုးရေးမှအစ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ စွမ်းစွမ်းတမံပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရန်နှင့်လိုအပ်သောလုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

၄င်းနောက် သင်တန်းကာလအတွင်း ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မိမိတာဝန်ကျရာလုပ်ငန်းကဏ္ဍအလိုက် ဟောပြောပြသသင်တန်းပို့ချမည်ဖြစ်ကြောင်း သိရသည်

**(၁၅၇)**


**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နယ်မြေအတွင်း ကတ္တရာလမ်းအဆင့်မြင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ကတ္တရာလမ်းအဆင့်မြင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း အတိုင်းအတာမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

(က) ၃၀၁၀'×၁၆'×၀'-၉"
(ခ) ၆၁၀'×၂၀'×၀'-၉"
(ဂ) ၁၂၉၉'×၁၂'×၀'-၄.၅"
(ဃ) ၅၀၀'×၁၆'×၀'-၄.၅"

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ** ၂၂-၁၁-၂၀၁၃ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၉၂၀၁၀၅၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းတို့အတွက် လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

(၁) Kyaukphyu GT-Ramree 66KV Transmission Line
(၂) 66 KV Switch Bay Extension at Kyaukphyu GT
(၃) 66/11 KV.5 MVA Ramree Substation

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၁၀-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၈-၁၁-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**



**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**Open Tender ခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေ/သန့် လုပ်ငန်းများအား အလျင်အမြန်ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းအတွေ့အကြုံရှိသော ကုမ္ပဏီများမှ Open Tender တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၂၉-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံရေးရာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်-

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၁-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁၅-၁၁-၂၀၁၃ ရက်၊ ၁၃း၀၀ နာရီ ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့**
**ဖုန်း-၀၆၇-၅၉၀၅၀၉၊ ၀၆၇-၅၉၀၄၄၃**



**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၀ယ/၄၉၂၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွေး ၈/စလန(နိုင်)၀၉၅၂၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မင်းဘူး)**



**လူပျောက်ကြော်ငြာ**

ဦးမြင့်ဇော် ၁၂/သဃက(နိုင်)၀၀၉၃၇၂၏သား တက္ကသိုလ်ဝင်တန်းကျောင်းသား အောင်မြတ်ဖြိုးသည် ၂၀-၉-၂၀၁၃ရက်တွင် စာရွက်စာတမ်းများနှင့်အတူ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ လက်ခံထားသူကို အရေးယူမည်။
**မြင့်ဇော် ဖုန်း-၀၉-၇၃၀၁၄၁၁၀**



**အမည်ပြောင်း**

ဗန်းမော်မြို့ အထက(၂) ဒုတိယတန်း(A)မှ မဇင်ဇင်သန့်(ဘ)ဦးအောင်ကျော်မိုးအား ကြေညာသည့်ရက်မှစ၍ မဆုရတီမိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မဆုရတီမိုး**



**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဟိုတယ်ဇုန်အနောက်၊ မြေကွက်/ဦးပိုင်အမှတ်(H.18)၊ ဧရိယာ ၃၂ဒသမ၉၂၄ဧကရှိ မင်္ဂလာသီရိဟိုတယ်(Group of Four Co., Ltd.)အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန် မြေကွက်အား ဦးသာဌေး ၁၂/အစန(နိုင်)၀၃၀၁၈၂ (ဘ)ဦးထွန်းရင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မှုခင်းသတင်းနှင့်ကြော်ငြာ

# ဆင်ဆာမဲ့မြန်မာခွေများ ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၂၇**

အောက်တိုဘာ ၂၂ ရက် ညနေပိုင်းက ပန်းဘဲတန်းမြို့နယ်၌ ဆင်ဆာမဲ့ မြန်မာခွေများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၂ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က ပန်းဘဲတန်းမြို့နယ် (၅)ရပ်ကွက် အနော်ရထာလမ်းနှင့် ရွှေဘုံသာလမ်းထောင့်တွင် ဆင်ဆာမဲ့ခွေများရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာတွင် ဇော်ဝင်းထွေး ကမာကသွယ်ရပ်ကွက် ဒလမြို့နယ်နှင့် ကျော်လှိုင် ရာဇသင်္ကြန်ရပ်ကွက် ဒလမြို့နယ်နေသူတို့နှစ်ဦးကို တရားမဝင် ဆင်ဆာမဲ့ မြန်မာခွေမျိုးစုံ အချပ်၁၉၁၀နှင့်အတူ ငွေကျပ် ၄၉၅၀ တို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိသဖြင့် ပန်းဘဲတန်းမြို့နယ်ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ) စိုးဝင်း(SP)**

# မိုးမောက်ကျောက်စခန်း၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မိုးမောက် အောက်တိုဘာ ၂၇**

ကချင်ပြည်နယ် ဗန်းမော်မူးယစ်တပ်ဖွဲ့စု(၁) မိုးမောက်လှုပ်ရှားမှုမှ ရဲအုပ်အောင်မြတ်ကျော်၊ တပ်ကြပ်ကြီးဝင်းလွင်ဦး၊ တပ်သားရဲလင်းစန်း၊ မိုးမောက်ရဲစခန်းမှ ရဲအုပ်မြတ်မင်းသိန်း၊ ကြေးနန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတန်နိုင်၊ ကျောက်စခန်းကျေးရွာ အုပ်ချုပ်ရေးမှူးဦးသိန်းဖေတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက မိုးမောက်မြို့နယ် ကျောက်စခန်းရွာ အိမ်အမှတ်(၁၇)နေ ကိုကွန်တော့၏နေအိမ်တွင် မူးယစ်ဆေးဝါးရောင်းချနေကြောင်းသတင်းရသဖြင့် ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ထပ် အဝတ်ထည့်သည့် ဗီရိုအောက်မှ အအေးစုပ်ပိုက်ဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ၀ သမ ၀၀၁ ဂရမ်ပါ ပိုက်တစ်ချောင်းနှင့် နေအိမ်အပေါ်ထပ် ကိုကွန်တော့အိပ်သည့် အိပ်ခန်းခေါင်းရင်းဘုရားစင်အောက် အံဝှက်လုပ်ထားသည့် အခန်းငယ်အတွင်းမှ သံသေတ္တာငယ်အတွင်း၌ ရေသန့်ဘူးဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ၂၃ ဒသမ ၇ ဂရမ်ပါတစ်ဘူးနှင့် ဘိန်းဖြူရောင်းချရငွေဟုယူဆရသော ငွေစက္ကူရောရာ ငွေကျပ် တစ်သိန်းခုနစ်သောင်းကို ရှာဖွေတွေ့ရှိရသဖြင့် မိုးမောက်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**

# ဘိန်းစိမ်းဟုယူဆရသော အမည်းရောင်အစေးများ ဖမ်းဆီးရမိ

**ကောလင်း အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ယင်းတိုက်အုပ်စု ကြာအင်း ကျေးရွာတွင်ဘိန်းစိမ်းဟု ယူဆရသော အမည်းရောင်အစေးများ ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာစစ်ကိုင်းတိုင်းဒေသကြီး မုံရွာမူးယစ်အထူးအဖွဲ့မှ ရဲအုပ်ရန်နိုင်ထွန်း၊ ကောလင်းမြို့နယ် ချောင်းနားရဲစခန်းမှူး ဒုရဲအုပ်တင်မိုးတို့ပါဝင်သောပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၇ ရက် နံနက် ၇ နာရီခန့်က ပဲမောင်၏ နေအိမ်ဈေးဆိုင်သို့ အသိသက်သေများဖြင့် ဝင်ရောက်ရှာဖွေကြရာ ဆိုင်ရှေ့ဈေးဆိုင်ခုံပေါ်ရှိ ဈာန်နေကြာစေ့အိတ်ခွံအတွင်း ထည့်လျက် ပလတ်စတစ်အိတ်အတွင်းမှ ဘိန်းစိမ်းဟုယူဆရသော အမည်းရောင်အစေး ထုပ်ပိုးခွံပါ အလေးချိန် ၁၁ ဂရမ် တန်ဖိုးငွေကျပ် ၄၅၀၀၀ ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိသည်။

အဆိုပါအမှုတွင် ပဲမောင် (၅၁ နှစ်) ကြာအင်းကျေးရွာ ယင်းတိုက်အုပ်စု ကောလင်းမြို့နယ်နေသူအား ကောလင်းမြို့နယ်ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုကိုညီမင်း(ကောလင်း)**

# အဆင့်မြင့်မှန်လုံကားနှင့် ဆိုင်ကယ်တိုက်မိ

**ပြင်ဦးလွင် အောက်တိုဘာ ၂၇**

ပြင်ဦးလွင်မြို့နယ် မန္တလေး-လားရှိုးလမ်း ရပ်ကွက်ကြီး (၂) ၁၅လမ်းထိပ်၌ အောက်တိုဘာ ၂၄ရက် မွန်းလွဲ ၁၂ နာရီခွဲက ခရီးသည်တင် ရွှေစင်စကြာအဆင့်မြင့်မှန်လုံကားနှင့် ဆိုင်ကယ်စီးလာသူတစ်ဦးတို့ မျက်နှာချင်းဆိုင် ယာဉ်တိုက်မှု ဖြစ်ပွားခဲ့သည်။

မှန်လုံယာဉ်သည် မန္တလေး-လားရှိုးကားလမ်းအတိုင်း မန္တလေးဘက်သို့ ယာဉ်မောင်း ဦးသက်ထွန်း (၄၆နှစ်) ရွှေတောင်မြို့ မောင်းနှင်လာသည့် ယာဉ်အမှတ်စဈ/----သည် အရှေ့ရှိထော်လာဂျီယာဉ်ကိုကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောမှ မောင်းနှင်လာသူတပ်မတော်နည်းပညာ တက္ကသိုလ် လေ့ကျင့်ရေးဌာနမှ ဒုအရာခံဗိုလ် စန်းဝင်း၏ ဆိုင်ကယ်နှင့်မျက်နှာချင်းဆိုင်ယာဉ်တိုက်မှုဖြစ်ပွားရာ ဆိုင်ကယ်မှာ မှန်လုံကား၏ဘယ်ဘန်ကာနှင့် တိုက်မိပြီး တစ်စီးလုံးပျက်စီးသွားကာ **(အောက်ပုံ)** ဆိုင်ကယ်စီးလာသူမှာ ဒဏ်ရာများရရှိသဖြင့် ပြင်ဦးလွင်ဆေးရုံသို့ ဆေးကုသမှုခံယူရန် တင်ပို့ထားပြီး ပြင်ဦးလွင် ရဲတပ်ဖွဲ့စခန်းကအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၀၃၂)**

# တာချီလိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ကျပ်၁၉၃သိန်းခန့် ဖမ်းဆီးရမိ

**တာချီလိတ် အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ အောက်တိုဘာ ၂၄ ရက် နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့မှ ရဲအုပ်လှလွင် ဦးစီးအဖွဲ့၊ တာချီလိတ်မြို့မရဲစခန်းမှ အမှုစစ်ဒုရဲအုပ် အောင်ဆန်းဦး ဦးစီးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့မရဲစခန်းမှ ဖမ်းဆီးထားသော စိုင်းအော့၏ ထွက်ဆိုချက်အရ တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဝမ်ကောင်မွန်ကျေးရွာနေ စိုင်းကောင်ကျောက်က စိတ်ကြွရူးသွပ်ဆေးပြားရောင်းချရန် ၎င်း၏နေအိမ်၌ ပေးအပ်ခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် စိုင်းကောင်ကျောက်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင်အသင့်တွေ့ရှိရပြီး အိမ်ခြံဝင်းအတွင်း ရပ်ထားသည့် ၎င်းပိုင်ယာဉ်အမှတ် ၅ဂ/... Mazda MPV အမျိုးအစား မီးခိုးရောင် မော်တော်ယာဉ်၏ စက်ခန်းအတွင်း သို့ဝှက်ထားရှိသည့် အချင်းလေးလက်မခန့်ရှိ စတီးချိုင့်အတွင်းထည့်လျက် ပလတ်စတစ်အကြည်ဖြင့် ဖုံးအုပ်ထားရှိသည့် မက်သာအက်ဖီတမင်း (ICE)ဟု ယူဆရသော အဖြူရောင်ပုံဆောင်ခဲအလေးချိန် ၅ ဂရမ်ခန့်ပါ စတီးချိုင့်တစ်ဆင့် ရှာဖွေတွေ့ရှိသဖြင့် ရဲအုပ်မြင့်နိုင်ဦးက သက်သေများရှေ့ တွင် ရှာဖွေပုံစံဖြင့် ရေးသွင်းဖမ်းဆီးခဲ့ပြီး စိုင်းကောင်ကျောက်(၃၀ နှစ်)ကိုတာ ချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

အလားတူ အောက်တိုဘာ ၂၄ ရက် နံနက် ၁၁ နာရီခွဲက တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု တော်ကော့(အပြင်)ကျေးရွာ အိမ်အမှတ်(၁၅၈) နေအိမ်အတွင်းသို့ လူတစ်ဦးဝင်ရောက်ပြီး နေအိမ်အတွင်းမှ ခြံစည်းရိုးကို ကျော်တက်၍ ခုန်ချထွက်ပြေးသွားစဉ် တော်ကော့(အပြင်)ကျေးရွာမှ ကိုဇော်နိုင်ဦးနှင့်အဖွဲ့တို့က ဝိုင်းဝန်းဖမ်းဆီးထားပြီး တာချီလိတ်ခရိုင် ရဲအထူးမှုခင်းနှိမ်နင်းရေးအဖွဲ့သို့ အကြောင်းကြားသဖြင့် ရဲအုပ်သက်ဇော် ဦးစီးအဖွဲ့၊ တာချီလိတ်မြို့မရဲစခန်း နယ်ထိန်းတပ်ကြပ်ကျော်လင်း၊ တပ်ကြပ် ထိန်လင်းအောင်တို့သည် အခင်းဖြစ်နေရာသို့သွားရောက်ပြီး ဖမ်းဆီးထိန်းသိမ်းထားသူ အားတီဆိုသူအား သက်သေများနှင့်အတူ စစ်ဆေးရှာဖွေရာ အားတီဝတ်ဆင်ထားသော အသားရောင်စတိုင်ဘောင်းဘီရှည် ဘယ်ဘက်အိတ်ကပ်အတွင်းမှ အပြာရောင်ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၀၀ စီပါ ရှစ်ထုပ်၊ ၁၆၀၀ ပြား၊ အလေးချိန် ၁၆၀ ဂရမ်ကို ရှာဖွေတွေ့ရှိခဲ့သည်။

အခင်းဖြစ်နေရာသို့ မူးယစ်တပ်ဖွဲ့စု (၃၀) မှ ရဲအုပ်ဌေးလွင်၊ စရဖမှ တပ်ကြပ်ကြီးကျော်မိုးဝင်းတို့ရောက်ရှိလာပြီး အားတီအား ပူးပေါင်းအဖွဲ့ဖြင့် ဆက်လက်စစ်ဆေးမေးမြန်းရာ ၎င်းထံမှ သိမ်းဆည်းရမိသည့် ဆေးပြား အပြင် ကျန်ဆေးပြားများကို ဝှက်သိမ်းထားကြောင်း လိုက်လံပြသသဖြင့် သွားရောက်ရှာဖွေရာ ၎င်းနေအိမ်နောက်ဘက် အိမ်သာနှင့်ခြံစည်းရိုး ကြားရှိ မြက်ပင်များကြားမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ စီပါ အထုပ်လေးထုပ်၊ ဆေးပြား ၈၀၀၀၊ အလေးချိန် ၈၀၀ ဂရမ် စုစုပေါင်း ဆေးပြား ၉၆၀၀ အလေးချိန် ၉၆၀ ဂရမ် စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၁၉၂ သိန်းတို့ကို ရှာဖွေတွေ့ရှိသဖြင့် ရဲအုပ်သက်ဇော်က ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး စိတ်ကြွရူးသွပ် ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသော အားတီ(၃၀ နှစ်) ပလောင်ကုန်း ပုန်းထွန်ရပ်ကွက် တာချီလိတ်မြို့နေသူအား တာချီလိတ်ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်း၊ မင်္ဂလာမန္တလေး တည်ဆောက်ရေးစီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းမှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဆိုင်သည့် အခန်း ၅၂ခန်းပါ ငါးထပ်ကြယ်သုံးပွင့်အဆင့်မီဟိုတယ်အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံခေါ်ယူ၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသဖြင့် ၁၅-၁၁-၂၀၁၃ရက်နောက်ဆုံးထား၍ သန့်ရှင်းရေးဌာန(နန်းရှေ့ဈေးအပေါ်ထပ်)သို့ ရုံးချိန်အတွင်း တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ အထက်ပါ ကြယ်သုံးပွင့်အဆင့်မီဟိုတယ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက်** - ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်

(ခ) **တင်ဒါတင်သွင်းရမည့်နေ့ရက်** - ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက် ၁၄း၀၀နာရီ နောက်ဆုံးတင်သွင်းရမည်။

(ဂ) **စာရင်းပေးရမည့်နေရာ** - သန့်ရှင်းရေးဌာန (နန်းရှေ့ဈေးအပေါ်ထပ်) မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

၃။ အထက်ပါတင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများကိုတစ်စုံလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ရုံးချိန်အတွင်း သန့်ရှင်းရေးဌာနတွင် ဝယ်ယူနိုင်ပါသည်။ (အသေးစိတ်သိလိုပါက ဖုန်း-၀၂-၇၂၀၀၃၊ ၀၂-၆၁၂၂၅တို့သို့ စုံစမ်းနိုင်ပါသည်။)

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖခင် အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ ဂျိုးတောင်အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(ခ)မှ မအေးချမ်းဝင်း၏ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း ၅/ဝသန(နိုင်)၀၀၆၁၄၃ဖြစ်ပါကြောင်း။ **ဦးအောင်ထွန်း (ကျူတော)**

## သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထူးထူး ၁၂/ဗတထ(နိုင်)၀၁၅၈၅၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်းတို၊ အမှတ် ၁၇၊ နှစ်ခန်းတွဲ၊ ခြောက်ထပ်တိုက်သစ်(RC)အဆောက်အအုံ၏ ခေါင်းရင်းဘက်၊ ပထမထပ်တိုက်ခန်းကို ဒေါ်ထူးထူးနှင့် သမီးသုံးဦးဖြစ်သူ မခိုင်ဖြိုးဝေ၊ မဇင်မေထက်၊ မမြတ်သီဂီတို့အမည်ဖြင့် လွန်ခဲ့သောတစ်နှစ်ကျော်မှဝယ်ယူခဲ့ပြီး ယနေ့တိုင်လက်ရှိပိုင်ဆိုင်လျက်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်းမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြအောင် (အောင်ကြီး)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၉၁၃)**
**အမှတ် ၁၆၃၊ လေးလွှာ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၅၁၂၄၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ မြေကွက်အမှတ် ၇၂၀၊ အကျယ်အဝန်း ပေ(၄၅×၆၀)ရှိ နှစ် ၆၀ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးစောစံမင်း ISN-၁၂၇၁၃၃ အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပြီး ၎င်းအမည်ပေါက်ပိုင်ရှင်ထံမှ နှစ်ဦးသဘောတူအရောင်းအဝယ်ဆက်စပ် ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်မြင့်မြင့်ဝင်း ၁၄/မမန(နိုင်)၀၉၀၂၉၈ ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)များနှင့်တကွ သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည် LL.B၊ အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)**
**အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၃၁၀၀၄၉၉၄**

## အမွေဖြတ်စွန့်လွှတ်ခြင်း

လှည်းကူးမြို့အရှေ့မင်းလမ်း ပ/၆ နေ ဦးတင်ဦး-ဒေါ်နီနီဝင်းတို့၏သမီးဖြစ်သူ မနွေးနွေးဦး (ခ) မတင်ဝတီဦးသည် ဖခင်၏ ပြောစကားကိုနားမထောင်ဘဲ နေအိမ်မှထွက်ခွာသွားပါသဖြင့် သမီးအဖြစ်မှ အမွေဖြတ်စွန့်လွှတ်ကြောင်း ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)**
**ဖခင်- ဦးတင်ဦး**

## အမွေစားအမွေခံမြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ ၄၀ါ ၄ လမ်း၊ မလိခအိမ်ရာ၊ အမှတ် TH (2)၊ အခန်းအမှတ် (၁)နေ ကျွန်တော် ဦးသောင်းရွှေသည်မောင်ညီညီအောင်(ဘ)ဦးမောင်မောင်ချို ၁၂/သဃက(နိုင်)၁၇၂၇၅၅အား အမွေစားအမွေခံမြေးအဖြစ်မွေးစားခဲ့ပါသည်။ ယခုအခါ မောင်ညီညီအောင်သည် ကျွန်တော်နှင့်အတူနေအဒေါ်များ၏ဆိုဆုံးမမှုကို မနာခံဘဲ ၎င်း၏ဆန္ဒအလျောက်နေအိမ်မှဆင်းသွားပြီးဖြစ်ပါသဖြင့် ယနေ့မှစ၍အမွေစားအမွေခံမြေးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ယခုမှစ၍ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အဘိုး-ဦးသောင်းရွှေ ၁၂/သဃက(နိုင်)၀၅၄၃၀၁**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ် ၂၂၄၊ မြေကွက်တည်နေရာအမှတ်-၂၂၄၊ သူရ ၈ လမ်း၊ ၉ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးတင်စိန်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးတင်စိန်နှင့်ဇနီးဒေါ်ခင်လတ် ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်ဌေး ၁၂/ဥကတ(နိုင်)၀၂၄၂၄၀က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ၊ မြေကွက်အမှတ် ၅၇၃/က၊ မြေကွက်တည်နေရာအမှတ်-၅၇၃/က၊ အနော်မာ ၁၃ လမ်း၊ အနောက်(၁)ရပ်ကွက်၊သာကေတမြို့နယ် ဦးမောင်ငယ်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်ငယ်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်သောင်းကျင် ၁၂/သကတ(နိုင်)၁၀၉၈၂၀က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# သန်းခေါင်စာရင်းကောက်ယူရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်

**တပ်ကုန်း အောက်တိုဘာ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် ရေအေးကျေးရွာတွင်သန်းခေါင်စာရင်းကောက်ယူရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ၂နာရီကရေအေးကျေးရွာ ရွှေရေအေး ရွာဦးကျောင်းတိုက်၌ ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က ၂၀၁၄ခုနှစ်တွင် စာရင်းကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အကြောင်းနှင့် အားလပ်ချိန်မှာစာဖတ်ပါ ခေါင်းစဉ်ဖြင့် ဟောပြော၍လည်းကောင်း(**အပေါ်ပုံ**)၊ မြို့နယ်လဝက လက်ထောက်ဦးစီးမှူး ဦးညီညီက သန်းခေါင်စာရင်းကောက်ယူရခြင်း၏ ရည်ရွယ်ချက်များ၊ လူဦးရေနှင့် အိမ်အကြောင်းအရာများ မှန်ကန်မှ အနာဂတ်လူနေမှုဘဝတိုးတက်မြင့်မားမည်ဖြစ်ကြောင်း ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေရန် အသိပေး ဟောပြောပြီးနောက် တက်ရောက်လာကြသည့် ပြည်သူများ၏မေးမြန်းသော အချက်အလက်များကို အပြန်အလှန်ရှင်းလင်းဆွေးနွေးပေးသည်။ အဆိုပါ ဟောပြောပွဲသို့ ကျေးရွာပြည်သူ ၃၀၀ကျော် တက်ရောက်ကြောင်းသိရသည်။ **(၄၁၇)**

## (၁၀)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အားကစားပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

(၁၀)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဉာဏ်ရည်မမီ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ရက် နံနက်က ရန်ကုန်မြို့ သုဝဏ္ဏ လူငယ်လေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဉာဏ်ရည်မမီ အားကစားအဖွဲ့ ဥက္ကဋ္ဌဗိုလ်မှူးကြီးမျိုးမြင့် (ငြိမ်း)၊ OREDOO Company မှ C.E.O.Mr Rooss Cormackတို့က အမှာစကားပြောကြားပြီး အားကစားပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ပြိုင်ပွဲများကျင်းပရာ အမျိုးသား၊အမျိုးသမီး၊မီတာ၅၀၊၁၀၀ လမ်းလျှောက်ပြိုင်ပွဲ၊ ဘောလုံးပစ်၊ မီတာ၅၀အပြေး၊ ဘိုချီ၊ မီတာ၁၀၀ အပြေး၊ အလျားခုန်၊အမျိုးသားမီတာ ၂၀၀အပြေးပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

ထို့နောက်ဆုပေးပွဲကိုဆက်လက်ကျင်းပရာ အားကစားပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား မြန်မာနိုင်ငံ ဉာဏ်ရည်မမီ အားကစားအဖွဲ့ဥက္ကဋ္ဌ၊ OREDOO Company မှ C.E.O.Mr Rooss Cormack နှင့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှအတွင်းရေးမှူး၊ အမှုဆောင်များ၊တာဝန်ရှိသူများကဆုများအသီးသီးချီးမြှင့်ကြပြီးတံခွန်စိုက်ဆုကိုရန်ကုန်တိုင်းဒေသကြီးဉာဏ်ရည်မမီ အားကစားအဖွဲ့ကဆွတ်ခူးသွားသည်။ ပြိုင်ပွဲတွင် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပုသိမ်၊ တောင်ကြီးတို့မှ ဉာဏ်ရည်မမီ အားကစားအဖွဲ့မှ အားကစားသမား လေးရာခန့် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

**တင်စိုး(မြန်မာ့အလင်း)**

## ဇီးကုန်းမြို့တွင် အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဟောပြောပွဲအခမ်းအနားကျင်းပ

**ဇီးကုန်း အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာ၊သာသနာစောင့်ရှောက်ရေး(မ-ဘ-သ)အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ၁၇ရက်မွန်းလွဲ၁နာရီက မူလာရာမ မြသိန်းရံစေတီတော် မြို့လယ်သံဃမွာရုံ ခန်းမဆောင်ကြီးတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့မှဆရာတော်ကြီးများနှင့် မြို့နယ်အတွင်းရှိ ဆရာတော် သံဃာတော် ၁၂၃ပါးနှင့် ကြို့ပင်ကောက်၊ နတ်တလင်းမြို့များမှ သံဃာတော်များ ကြွရောက်တော်မူပြီး သမားတော်ကျောင်း ဆရာတော် ဘဒ္ဒန္တတေဇဝန္တက ဩဝါဒကထာ မိန့်ကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဈေးကျောင်းဆရာတော် ဦးပဏ္ဍိက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားပြီး(မ-ဘ-သ)အဖွဲ့ ဖြစ်မြောက်ရေးအတွက်ရန်ကုန်မြို့ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် မ-ဘ-သ (ဗဟို)မှ ရုံးအဖွဲ့မှူး ရှင်စန္ဒာသီရိက အဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များအား ရှင်းလင်းလျှောက်ထားပြီး တက်ရောက်လာသူများ၏ လုပ်ငန်းဆိုင်ရာ မေးခွန်းများကို ကဏ္ဍအလိုက် ပြန်လည်ဖြေကြားသည်။ ထို့နောက် ရှမ်းကျောင်း ဆရာတော်မှ ဗဟိုအဖွဲ့မှ ပေးပို့သောသဝဏ်လွှာကိုဖတ်ကြားပြီး မ-ဘ-သ(ဗဟို) ဦးဆောင်အဖွဲ့ဝင် ဓမ္မစက္က ဦးမောင်မောင်မှ မ-ဘ-သ အဖွဲ့၏ သိကောင်းစရာများကိုလည်းကောင်း၊ လှည်းကူးမြို့ ပါရမီဆရာတော် ဦးပညာဇောတမှ အဖွဲ့၏ရှေ့လုပ်ငန်းစဉ်များနှင့် အမျိုးစောင့်ဥပဒေအကြောင်း ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ဇီးကုန်းမြို့နယ်လုံးဆိုင်ရာ မ-ဘ-သ အဖွဲ့ဝင်သံဃာတော်များအား ဖွဲ့စည်းရာ ဥက္ကဋ္ဌအဖြစ် ဓမ္မရိပ်သာကျောင်းဆရာတော် ဦးဇောတိပါလနှင့် သံဃာတော်များပါဝင်ပြီး လူပုဂ္ဂိုလ်များ ပါဝင်သောအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဦးရဲမြင့်နှင့် အဖွဲ့အားတစ်ပြိုင်တည်း ဖွဲ့စည်းသည်။ ယနေ့ကျင်းပသော အခမ်းအနားသို့ ပရိသတ်အင်အား၁၁၄၀တက်ရောက်ခဲ့ကြောင်း သိရသည်။ မ-ဘ-သ အဖွဲ့များကို ပြည်နယ်/တိုင်းအလိုက် ဖွဲ့စည်းလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် ၃၆မြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင်၂၄မြို့၊ပဲခူးတိုင်းဒေသကြီးအရှေ့၊အနောက်၁၁မြို့၊ မကွေးတိုင်းဒေသကြီးလေးမြို့၊မန္တလေးတိုင်းဒေသကြီးလေးမြို့၊စစ်ကိုင်းတိုင်းဒေသကြီးလေးမြို့၊ တနင်္သာရီတိုင်းဒေသကြီးငါးမြို့၊ကရင်ပြည်နယ်ခြောက်မြို့ အသီးသီးဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

**မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း တတိယအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပမည်**

မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းသည် တတိယအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁ရက် (သောကြာနေ့) မွန်းလွဲ ၁၄:၀၀နာရီတွင် UMFCCI Office Tower၊ မင်္ဂလာခန်းမ၊ အမှတ်၂၉၊မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစည်းအဝေး တက်ရောက်ရန် အသင်းဝင်များထံသို့ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ဖိတ်စာမရရှိသော အသင်းသူ အသင်းသားများသည် အသင်းရုံးတည်ရှိရာ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၁၄၈၄၆၊ ၀၉-၇၃၀၉၇၃၉၀ တို့သို့လည်းကောင်း E-mail:admin-central@mafpea.org.mm သို့လည်းကောင်း ဆက်သွယ် သတင်းပေးပို့၍ အစည်းအဝေး တက်ရောက်နိုင်ပါသည်။

**(၃)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်း**

၂၈-၁၀-၂၀၁၃ရက်တွင် ကျရောက်သော သားလေး **မောင်မင်းလှိုင်ဟိန်း**၏ (၃)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍ တိုင်းပြည်ကို အကျိုးပြုသော သားကောင်းရတနာလေးတစ်ယောက်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်ဘိုးဘိုး၊ ဘွားဘွားများ** - **အရာခံဗိုလ်လှကြည်(ငြိမ်း)-ဒေါ်ခင်ဖြူ**
**ရဲမှူးကြီးသိန်းတင်(ငြိမ်း)-ဒေါ်လေးနွယ်**
**ချစ်ဖေဖေ** - **ဗိုလ်မှူးသိန်းနိုင်ထွန်း**
**ချစ်မေမေ** - **ဒေါက်တာမျိုးနန္ဒာမွန်**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-UE/2/4 ၊ မြေကွက်အမှတ် ၁၀၃၃၊ ပါမစ်မြေအမျိုးအစားမြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၄ ရပ်ကွက်၊ ဗိုလ်မျို-၁လမ်း၊ အမှတ် ၁၀၃၃ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်ခင်စော (AA-၀၉၂၇၇၀) အမည်ပေါက်လျက်ရှိပြီး အရပ်ကတိစာချုပ်အဆက်ဆက်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်အေးအေးခိုင်မြင့် ၉/မရတ(နိုင်)၀၀၆၀၆၃မှ မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းဦး** — **ဦးသန့်ဇော်**
**အထက်တန်းရှေ့နေ(စဉ်-၃၂၃၅)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၉၈)တွင်နေထိုင်သူ ဦးထွန်းထွန်းနိုင် ၁၂/ပဘတ(နိုင်)၀၀၂၅၉၂ထံတွင် မော်တော်ယာဉ်အမှတ်-5F/9945, 9F/3026, 7F/8469,7F/3359, 7F/1597, 7F/3477, 6F/4842, 6F/6816, 4F/8180,4F/2519, 9F/1636, 5F/7558 တို့၏မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (OWNER BOOK)များကို ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာနမှ တရားဝင်ထုတ်ယူထားပြီးဖြစ်ပါသည်။

အထက်ပါမော်တော်ယာဉ် အမည်ပေါက်ပိုင်ရှင်များအနေနှင့် အဆိုပါမော်တော်ယာဉ်မှတ်ပုံတင်စာအုပ်များကို ဦးထွန်းထွန်းနိုင်နှင့် ဆက်သွယ်ညှိနှိုင်း၍ ဤကြေညာချက်ပါသည့်ရက်မှ ၁၄ရက်အတွင်း ဆက်သွယ်ညှိနှိုင်းလာရောက်ယူကြပါရန် ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ထူးထူးမြတ်** — **ဦးစိုးဟန် LL.B**
**အထက်တန်းရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**စဉ်-၃၅၇၉၃** — **အမှတ် ၃၇၊ ဘုရားကုန်းမြို့ပြကွက်သစ်**
**အမှတ်(၅၅)၊ အခန်း(၅)** — **သန်လျင်မြို့နယ်။**
**ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးရပ်ကွက်၊ ၉၂လမ်း၊ အမှတ်(၅၃)၊ ပထမထပ်(ဝဲ)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့်တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်ရီ၁၂/ဒဂန(နိုင်)၀၀၄၇၀၄ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးကဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B,D.B.L,D.M.L,D.I.L,D.L.P., WIPO(Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),H.G.P,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ယ/၃၇၇၅၂ Honda C90. H Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင် ၉/မထလ(နိုင်)၂၄၉၉၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

# အလုပ်အကိုင်နှင့် အခွင့်အလမ်းများကြော်ငြာ

## ဝန်ထမ်းအလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)
### ယုဇနကုမ္ပဏီ၏ နယ်ရုံးခွဲအသီးသီးတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။ အင်ဂျင်နီယာ (B.E/B.Tech/A.G.T.I)(Civil) ကျား ၅ဦး

၂။ စာရင်းကိုင် (B.Com) မ ၂ ဦး

လျှောက်ထားလိုသူများသည် ခြောက်လအတွင်းရိုက်ထားသော ဓာတ်ပုံ နှစ်ပုံ၊ ဘွဲ့လက်မှတ်မူရင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မူရင်းများနှင့်အတူ ယုဇနကုမ္ပဏီ အမှတ် ၁၃၀၊ ယုဇနစင်တာ တတိယထပ်၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်သို့ ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်။
### DECO-LAND

*အမှတ်(၉/၃၈) ဦးထွန်းညိုလမ်း၊ လှိုင်သာယာစက်မှုဇုန် အပိုင်း(၆)၊ လှိုင်သာယာမြို့နယ်။*
*ဖုန်း - ၆၈၅၉၆၀၊ ၆၈၅၉၆၂၊ ၆၈၄၂၉၂*

**Sales & Marketing Manager ( M / F – 1Post)**
- ဘွဲ့ရ၊ စီးပွားရေးနှင့်စီမံခန့်ခွဲမှုမာစတာဘွဲ့ရရှိပြီးသူ ဦးစားပေးမည်။
- သက်ဆိုင်ရာလုပ်ငန်း အတွေ့အကြုံ (၅) နှစ်ရှိရမည်။
- အရောင်းနှင့်ဈေးကွက်ဖွံ့ဖြိုးမှုဆိုင်ရာတိုးတက်မှုအတွက် ဦးဆောင်စီမံနိုင်သူဖြစ်ရမည်။
- ယာဉ်မောင်းလိုင်စင်ရှိပြီး နယ်ခရီးသွားနိုင်ရမည်။

**Assistant Marketing Manager ( M / F – 2 Post)**
- ဘွဲ့ရ၊ စီမံခန့်ခွဲမှုဒီပလိုမာရရှိပြီးသူ ဦးစားပေးမည်။
- သက်ဆိုင်ရာလုပ်ငန်း အတွေ့အကြုံ (၃)နှစ်ရှိရမည်။
- ဈေးကွက်ဖွံ့ဖြိုးမှုဆိုင်ရာတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရမည်။
- ယာဉ်မောင်းလိုင်စင်ရှိပြီး နယ်ခရီးသွားနိုင်ရမည်။

**Marketing Supervisor ( M /F – 3 Post)**
- ဘွဲ့ရဖြစ်ပြီး သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိရမည်။
- ဆက်ဆံရေးကောင်းမွန်ပြေပြစ်ပြီး ဈေးကွက်ဖွံ့ဖြိုးမှုဆိုင်ရာတိုးတက်မှုကို အကောင်အထည်ဖော်ရာတွင် ပါဝင်နိုင်ရမည်။
- ယာဉ်မောင်းလိုင်စင်ရှိသူ ဦးစားပေးမည်ဖြစ်ပြီး နယ်ခရီးသွားနိုင်ရမည်။

